မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၆ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၅၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂါနာသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၆

၂၀၀၆ ခုနှစ် မတ် ၆ ရက်တွင် ကျရောက်သော ဂါနာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဂါနာသမ္မတနိုင်ငံ သမ္မတ မစ္စတာဂျွန် အေဂျေ ကွမ်ကူဖိုးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းတို့ ပျိုးဥယျာဉ်အတွင်း လူမှုရေးအသင်းအဖွဲ့ဝင်များက ခြစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်အခမ်းအနားကျင်းပ
ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေး
ခရိုင်တစ်ခုလုံး ခြံစည်းရိုးကြက်ဆူပင် ဧက ၇၀၀၀ ကျော် စိုက်ပျိုးရန်ရည်မှန်းထား

ရန်ကုန် မတ် ၅

ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၁)ရှိ စိုးလှျပ်စစ် စက်ရုံဝင်းအတွင်း၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်နှင့် ဆေးရုံများမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဆေးရုံအုပ်ကြီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများနှင့် စက်မှုဇုန်များမှ ဝန်ထမ်းများ စုစုပေါင်းအင်အား ၅၀၀၀ ကျော် တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

မြန်မာ့အလင်း ဆောင်းပါး၊ အင်တာနက်သတင်းနှင့် ဓာတ်ပုံအညွှန်း

ပင်လယ်ရေထုကို အဆိပ်အတောက်ဖြစ်စေပြီး ပင်လယ်ဒီရေနီကို ဖြစ်ပေါ်စေနိုင်သော အပင်မျှောလေးမျိုးစိတ်များကို ပင်လယ်လိပ်များက အစားအစာအဖြစ် စားသုံးလျက်ရှိသောကြောင့် ပင်လယ်ဒီရေနီ ဖြစ်ပေါ်စေမှု အန္တရာယ်မှ တစ်စိတ်တစ်ဒေသ ကာကွယ်နိုင်။

မိမိမော်(မဟာသိပ္ပံ)၏ ဆောင်းပါး (စာ-၁၀)



ဂျာမနီ၌ ကမ္ဘာ့အကြီးဆုံး ကွန်ပျူတာပြပွဲ ပြုလုပ်မည်

အင်တာနက်သတင်းနှင့် ဓာတ်ပုံ

သတင်းအကျဉ်း (စာ-၆)



ပရီမီယာရှစ်ဘောလုံးပွဲများ ယှဉ်ပြိုင်ကစား အာဆင်နယ်အသင်း အပြုံးမပျက်နိုင်ပွဲဆက်

သတင်းအကျဉ်း (စာ-၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မတ်လ ၆ ရက်)

ဒေသခံပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် ရန်ကုန်-ဒဂုံတက္ကသိုလ်ရထားလမ်းပိုင်းဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာတောင့်တင်းစေရေး၊ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားစေရေး စသည့် ရည်မှန်းချက်များဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် ဘက်စုံကဏ္ဍစုံက အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိသည်။

ထိုသို့ ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းပန်းဆက်သွယ်မှု ကောင်းမွန်မှသာ ဒေသတစ်ခုစီ၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့လည်း တိုးတက် ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ဒေသအတွင်း ဆက်သွယ်သည့်လမ်းများ ကောင်းမွန်ရန်လိုအပ်သကဲ့သို့ အခြားဒေသများနှင့် ဆက်သွယ်သောလမ်းများလည်း ကောင်းမွန်ရန် လိုအပ်ကြောင်း လမ်းညွှန်ထားသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများအပေါ် အခြေခံပြီး အဆင့်ဆင့်သော စီမံချက်များဖြင့် ဒေသဖွံ့ဖြိုးရေးကို ကြိုးပမ်း ထမ်းဆောင်ခဲ့ရာတွင် ပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အခြေအနေများ တိုးတက်လာစေရန်အတွက် ဒေသအတွင်း လမ်းပန်းဆက်သွယ်မှု ကွန်ရက်များကိုပါ အလေးထား ဆောင်ရွက်ခဲ့သည်။

ယင်းကြိုးပမ်းမှုများကို အားဖြည့်သည့်အနေဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ရန်ကုန် ဘူတာကြီးမှ ဒဂုံတက္ကသိုလ်ဘူတာအထိ ရထားပြေးဆွဲနေပြီဖြစ်ရာ ဒဂုံတက္ကသိုလ်တွင် တက်ရောက် ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများ၊ ဒေသခံ မိဘပြည်သူများ၏ သွားလာမှု အဆင်ပြေတော့မည်ဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တည်ဆောက်ပြီးစီးသွားသည့် ရန်ကုန်-ဒဂုံ တက္ကသိုလ် ရထားလမ်းပိုင်းနှင့် ဒဂုံတက္ကသိုလ်ဘူတာသစ်ဖွင့်ပွဲအခမ်းအနားကို မတ်လ၄ရက်နေ့ နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အဆိုပါ ဒဂုံတက္ကသိုလ်ဘူတာ သစ်ရှေ့၌ ကျင်းပခဲ့သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ရထားလမ်းအသစ်ကို ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်သည့် အတွက် ရန်ကုန်ဘူတာကြီးမှ ဒဂုံတက္ကသိုလ်အထိ နေ့စဉ်ရထားပြေးဆွဲပေးနိုင်တော့မည် ဖြစ်သည်။ ရန်ကုန်ဘူတာကြီးမှ ရွာသာကြီးရှိ စီးပွားရေးတက္ကသိုလ်သို့လည်း ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာ ၁ရက်မှ စ၍ ရထားပြေးဆွဲလျက်ရှိသည်။ ရန်ကုန်ဘူတာကြီးမှ ဒဂုံတက္ကသိုလ်ဘူတာအထိ ရထားလမ်းပိုင်းတွင် တစ်နေ့လျှင် တွဲဆိုင်းနှစ်ဆိုင်းဖြင့် ထပ်မံတိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ပြီး ရန်ကုန်မြို့တော်အတွင်း မြို့ပတ်နှင့် ဆင်ခြေဖုံး လော်ကယ်ရထားများကို တွဲဆိုင်း၁၇ဆိုင်းဖြင့် တစ်နေ့လျှင် ရထားခေါက်ရေ၈၀အထိ တိုးတက် ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ခုနှစ် မတိုင်မီက ရထားလမ်း အရှည် ၁၉၇၆ဒသမ၃၅မိုင်သာရှိခဲ့ရာက ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် ရထားလမ်းများကို တိုးချဲ့ ဖောက်လုပ်ခဲ့ရာ တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ် ရထားလမ်းပိုင်းအပါအဝင် ရထားလမ်းအရှည် ၁၀၉၈ဒသမ၅၄မိုင် တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပြီး ယခုအခါ ရထားလမ်းအရှည် စုစုပေါင်း ၃၀၇၄ ဒသမ၈၉ မိုင်ဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိနေပြီ ဖြစ်သည်။

ဆက်လက်၍ ချောင်းဦး- ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းပေါ်ရှိ ရေမျက်နီ-ကျော့ဥမင်ကို ဖြတ်ကျော်သည့်လမ်း ၂၆မိုင်ကိုလည်းကောင်း၊ အုတ်ဖိုစု-သန်လျင် ရထားလမ်းသစ် ၃ဒသမ၃၃မိုင်ကို လည်းကောင်း၊ ကြီးနီ-ချောက် ရထားလမ်းသစ် ငါးမိုင်ကိုလည်းကောင်း၊ ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်း(ကျည်တောင်ကန်-မြစ်ငယ်လမ်းပိုင်း) ၁၄၁ ဒသမ ၈ မိုင်ကိုလည်းကောင်း ဖောက်လုပ် နေဆဲဖြစ်သည်။ ရန်ကုန်မြို့ပတ်လမ်းကိုလည်း ဒဂုံတက္ကသိုလ်မှတစ်ဆင့် ရွှေပေါက်ကံ၊ ရွှေနံ့သာ၊ နွယ်ခွေ၊ ထောက်ကြန့်၊ ဘန့်ဘွေးကုန်းမှတစ်ဆင့် မိုးကြိုးပစ်၊ လှော်ကားသို့ တိုးချဲ့ဖောက် လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ရာ ဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်စေရန် နိုင်ငံတော်က အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက် လျက်ရှိသည့်အလျောက် ရန်ကုန်-ဒဂုံတက္ကသိုလ်ရထားလမ်းပိုင်းနှင့် ဒဂုံတက္ကသိုလ်ဘူတာသစ် ဖွင့်လှစ်နိုင်ခြင်းသည် ဒေသခံပြည်သူတို့၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) (၅)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ကျင်းပ

ရန်ကုန် မတ် ၅

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၏ (၅)နှစ်မြောက်နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို မတ် ၁ ရက်က ယင်းကိုယ်ပွားသတင်းစာတိုက်၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အဝေရာရာမရန်ကင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဩဝါဒ သိရီဘိဝံသအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးမြို့ရှိ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဒည့်ပရိသတ်တို့က နိုင်ငံတော်သံဃာ့ဝန်ဆောင် ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ **(အပေါ်ပုံ)**ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ၂၀၀၅ခုနှစ်အတွင်း ခွင့်ခံစားခြင်းမရှိသော ဝန်ထမ်းခြောက်ဦးနှင့် ကွန်ပျူတာ၊ စီမံ၊ ဖိုတိုလစ်သိုနှင့် ပုံနှိပ်စက်ဌာနစိတ်ရှိ ဝန်ထမ်းများအား ဂုဏ်ပြုဆုနှင့် အမှတ်တရလက်ဆောင် ပစ္စည်းများကိုပေးအပ်ချီးမြှင့်ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၃-၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	သာယာချိုအေး(၃၈)ဖြာမင်္ဂလာ (ဒုစရိုက်တရား မြဲရှောင်ရှား)
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	မြောက်ဦးခေတ်နှင့် ရှစ်သောင်းပုထိုးတော်
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ
၈း၀၅	ပြည်တွင်းသတင်းအကျဉ်း
၈း၁၅	မေးကြည့်ဖြေကြည့်ပဟေဠိ
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	အောင်မြင်ရှင်သန်နေသောရော်ဘာစိုက်ခင်းရရှိရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ
၈း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	သိပွဲအကြောင်းသိကောင်းစရာ
၉း၂၅	မိုးလေဝသခန့်မှန်းချက်
၉း၃၀	သံလွင်တံတား(တာပါး)
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	'ဒါ' ဖောရိန်းမိတ်တဲ့လားဗျာ (ထူးသာ၊ ညီကျော်၊ ဆုပန်ထွာ)
၉း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	The Fourth Mandalay ICT Exhibition
၁၁း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၅	KND 5 B ဒီဇယ်အင်ဂျင်
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	ကျန်းမာရေးနှင့်ညီညွတ်ဖို့ သန့်ရှင်းသော အစားအစာစားကြစို့
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	Learning English (Cars)
၁၁း၄၅	ဝင်ငွေတိုးစေဖို့ တီလားဗီးယားငါးမွေးကြစို့
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၂း၂၅	Wigan-Man United	5-Sports (Live)

မြဝတီရုပ်မြင်သံကြား

၆-၃-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။	လက်စွမ်းပြပဟန်ဂီတသံ
၄း၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၅	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၂၅	၁၂။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၆း၄၀	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၁၇)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မေးမြန်းစူးစမ်း
	၁၈။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း-၁၁)

ဆုချီးမြှင့်

မတ်၂ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမက(၁၀) ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်နှင်းနွယ်က သူငယ်တန်းမှ ဒုတိယတန်းအထိ သုံးနှစ်ဆက်တိုက် ထူးချွန်ပထမဆုရ မအိန္ဒြာချမ်းမြေ့အား ဆုချီးမြှင့်စဉ်။ (က-ပ)

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

ပုလောမြို့နယ်အသင်း(ရန်ကုန်) ဂုဏဝိသိဋ္ဌပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ်(၁/၂၀၀၆)အရ သာသနာတော်ဆိုင်ရာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခံရသော ပုလောမြို့နယ်ဖွား မြိတ်မြို့ ကန်သာစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝိမလအား ပုလောမြို့နယ်အသင်း(ရန်ကုန်)က မတ်၁၅ရက် (၁၃၆၇ခု တပေါင်းလပြည့်ကျော်၂ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁နာရီတွင် အသင်းတိုက်၌ ထပ်ဆင့်ပူဇော်မည်ဖြစ်သည်။

မြို့နယ်သူ မြို့နယ်သားများ လှူဖွယ်ပစ္စည်းများနှင့် လာရောက်ပူဇော်ကြရန်နှင့် ဆက်ကပ်လှူဒါန်းလိုသူများသည် ဦးမောင်လှ(ဥက္ကဋ္ဌ)ဖုန်း-၅၁၄၉၆၉၊ ဦးဘမြင့်(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၃၇၈၆၃၇၊ ဦးကြီးညွှန့်(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၂၉၆၉၆၂၊ ဦးမောင်အုံး (အတွင်းရေးမှူး) ဖုန်း-၂၂၈၀၃၃၊ ဦးချစ်ထွေး (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၇၀၆၁၇၇နှင့် အသင်းအုပ်ချုပ်ရေးမှူး ဦးသန်းဝင်း ဖုန်း-၂၂၀၃၂၄၊ ၂၂၉၇၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၅

ဧရာဝတီတိုင်း ငပုတောမြို့နယ် သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋရုံသီ မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနိယ ပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ၂၇ရက် နံနက်၉နာရီတွင် မြတ်မော်တင်စွန်းတောင်ခြေ မင်္ဂလာမုခ်ဦး၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်လင်းထွန်းနှင့်ဇနီး၊ ဦးစီး အရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူး ပြည်သူများ တက်ရောက်ကြသည်။

စာတမ်းဖတ်ကြား

ရှေးဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဖွင့်ပွဲမဏ္ဍပ်မုခ်ဦး၌ နေရာယူကြပြီး မင်္ဂလာဘိသေက ပညာရှင် ဦးထိန်လင်းက မင်္ဂလာသြဘာစာတမ်းကို ဖတ်ကြားသည်။

ထို့နောက် တိုင်းမှူး **(အပေါ်ဝဲပုံ)** က ဗုဒ္ဓပူဇနိယပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲမင်္ဂလာမုခ်ဦးကို အမွှေးနံ့သာများ ပက်ဖျန်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် မော်တင်စွန်းဘုရားတောင်ခြေမှတစ်ဆင့် မော်တင်-ပုသိမ်လမ်းအတိုင်း မော်တော် ယာဉ်များဖြင့် လမ်းတံတားအခြေအနေများကို စစ်ဆေးထွက်ခွာ၍ ကမ်းခြေဒေသများဖြစ်သော ရေနောက်အိုင်၊ ဇီးချိုင်၊ ကံချိုင်၊ ခမောက်မော်၊ ကျောက်ချောင်းကျေးရွာများအား ကျေးရွာချင်းဆက်လမ်းအတိုင်း လှည့်လည်ကာ ဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးမှုများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ငဝန်မြစ်ကမ်းရှိ ငပုတောမြို့သို့ဝင်ရောက်ကာ သမိုင်းဝင် ရွှေမြင်တင်စေတီတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်ပူဇော်ပြီး ဒေသခံ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထူးကုဆရာဝန်ကြီးများ ကျန်းမာရေးပညာပေးဟောပြော ပြည်သူများအား ကျန်းမာရေးစစ်ဆေးပြီးဆေးဝါးကုသပေး

ရန်ကုန် မတ် ၅

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ဦးဆောင်၍ မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာန မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ ကလေးဆေးရုံကြီး၊ မျက်စိ၊ နား၊ နှာခေါင်း လည်ချောင်းဆေးရုံကြီး၊ တိုင်းရင်းဆေးရုံ၊ ဗဟိုအမျိုးသမီးဆေးရုံကြီးတို့မှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ကျောက်မီးကျေးရွာသို့ သွားရောက်၍ သက်ကြီးဘိုးဘွားများအား ကန်တော့ခြင်း၊ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၈ နာရီက ပြုလုပ်ကြသည်။

ထို့နောက် ကျန်းမာရေးပညာပေးဟောပြောရာတွင် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း **(ယာပုံ)** က မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ သိကောင်းစရာများနှင့် လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်း ငှက်ဖျားရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာဦးငွေစန်းက ငှက်ဖျားရောဂါအကြောင်းကိုလည်းကောင်း၊ အထက်မြန်မာပြည် တီဘီရောဂါ ဆိုင်ရာအထူးကုဆရာဝန်ကြီး ဒေါက်တာဦးဘိုမြင့်က တီဘီရောဂါတိုက်ဖျက်ရေးအကြောင်းကို လည်းကောင်း၊ မန္တလေးတိုင်းကျန်းမာရေးဦးစီးဌာနမြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာသန်းသန်းမြင့်က မွေးကင်းစ ဗီတာမင် (B-1)ချို့တဲ့ရောဂါအကြောင်းကိုလည်းကောင်း၊ မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဦးခင်မောင်ထွန်းက သန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲရေးနှင့် လက်ဆေးခြင်းအကျင့်တို့ကို ဟောပြောပြီး တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များက လက်ဆေးနည်းကို လက်တွေ့ပြသပြီး တက်ရောက်လာသူဦးရေ ၂၀၀၀ ကျော်အား ပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များသည် ကျောက်မီးတိုက်နယ်ဆေးရုံတွင် အထူးကုဆရာဝန်ကြီးများအဖွဲ့က ကျန်းမာရေးကြည့်ရှုစစ်ဆေးခြင်းနှင့် ဆေးဝါးကုသမှုများပြုလုပ်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ အထူးကုဆရာဝန်ကြီးများ၏ဆေးဝါးကုသမှုများမှာ ကလေးလူနာ ၁၃၅ ဦး၊ သားဖွားမီးယပ်လူနာ ၃၇ဦး၊ ခွဲစိတ်လူနာ ၇၂ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းလူနာ ၃၈ဦး၊ သွားခံတွင်းလူနာ ၁၂၅ဦး၊ မျက်စိလူနာ ၄၀၉ဦး၊ အထွေထွေ လူနာ ၁၈၄ဦး၊ ကင်ဆာလူနာ သုံးဦး၊ အရေပြားလူနာ ၁၄ဦး၊ တီဘီလူနာ ၂၀၊ တိုင်းဆေးလူနာ ၁၄၁ဦး၊ ငှက်ဖျားလူနာ ၁၂ဦး၊ အရိုးအကြောလူနာ ၈၅ဦး၊ သမားတော်ကြည့်ရှုလူနာ ၁၀၈ဦး၊ တီဗွီ ဓာတ်မှန် ကိုးဦး စုစုပေါင်း ၁၂၈၃ဦးကို ကြည့်ရှုကုသပေး၍ သက်ဆိုင်ရာဆေးရုံကြီးများသို့ တက်ရောက်ကုသရန် လိုအပ်သောလူနာ ၈ဦးကို ညွှန်းပို့ပေးနိုင်ခဲ့ပြီး မျက်စိဝေဒနာရှင်များအတွက် မျက်မှန်အလက် ၁၀၀ ကို အခမဲ့လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ခုနှစ် တပေါင်းလဆန်း ၈ရက် (ဥပုသ်နေ့)
၆-၃-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈:၂၅ ၉။ ကျောက်တလုံး ရေကူရေလှောင်တမံ
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Grammar made Easy
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၀ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၃ ခုနှစ်)
- ၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒ၊သတ္တဗေဒအထူးပြုများ) [ဓာတုဗေဒ]
- ၁၇:၀၅ ၆။ တေးဂီတအစီအစဉ်
- ၁၇:၁၅ ၇။ အကပဒေသာ
- ၁၇:၂၅ ၈။ မြန်မာစာ မြန်မာစကား
- ၁၇:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
- ၁၇:၄၅ ၁၀။ **“ဆွေမျိုးတော်ပေမယ့်”** ဒုရဲမှူးတင်လင်း၊ ဆောင်းအိန္ဒြေထွန်း၊ ဗေဒါ (ဒါရိုက်တာ-သက်တင်)
- ၁၇:၅၀ ၁၁။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၁၈:၀၀ ၁၂။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“ရယ်ရွှင်ဆော့ပြေးပုရွက်ဆိတ်လေး”** (အပိုင်း-၆၉)
- ၁၈:၅၅ ၁၅။ အတီးပြိုင်ပွဲ
- ၁၉:၁၀ ၁၆။ (၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
- ၁၉:၂၅ ၁၇။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၁၉:၃၅ ၁၈။ တေးဂီတအစီအစဉ်
- ၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ပျော်ရွှင်ဖွယ်နေ့ကလေးများ ”** (အပိုင်း-၁၅)
- ၂၃။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

မြေပြင်ရှိ နက္ခတ်တာရာကြည့်မှန်ပြောင်းများ လာမည့်အနှစ်၄၀တွင်အသုံးဝင်တော့မည်မဟုတ်ဟုဆို

လန်ဒန် မတ် ၅

မြေပြင်ရှိနက္ခတ်တာရာကြည့်မှန်ပြောင်းများသည် လေယာဉ်များမှမီးခိုးများ ထုတ်လွှတ်မှုနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် လာမည့် အနှစ်၄၀တွင် အသုံးဝင်တော့မည်မဟုတ်ကြောင်း ကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။

လေယာဉ်ပျံသန်းသည့်ခရီးစဉ်များ ပိုမိုများပြားလာခြင်း၊ ရာသီဥတု အပြောင်းအလဲနှင့် တိမ်တိုက်များကြောင့် အဝေးကြည့်နက္ခတ်မှန်ပြောင်းများသည် အသုံးဝင်တော့မည်မဟုတ်ကြောင်း၊ မြေပြင်မှ နက္ခတ်ကြည့် အဝေးကြည့်မှန်ပြောင်းများသည် ခန့်မှန်းထားသည်ထက်စော၍ နက္ခတ်တာရာများကို ကြည့်နိုင်တော့မည်မဟုတ်ကြောင်း ပါမောက္ခဂါရီဂယ်လ်မိုးက ပြောကြားသည်။

ရာသီဥတုပြောင်းလဲမှုနှင့်အတူ လေကြောင်းခရီးစဉ်များ ဆက်လက် တိုးပွားလာမည်ဖြစ်ကာ မီးခိုးတိမ်တိုက်များလည်း ထူပြောလာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

လန်ဒန်မြို့ မြေပြင်ရှိ နက္ခတ်တာရာကြည့်မှန်ပြောင်းကို တွေ့ရစဉ်။





အမေရိကန်နိုင်ငံ အလက်စကာပြည်နယ် ဖယူးဗို့ပင်လယ်တွင် ယိုဖိတ်နေသော ရေနံများအား ရှင်းလင်းဖယ်ရှားနေသည်ကို မတ်၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆေးလိပ်ငွေ့ကြောင့် တရုတ်လူဦးရေ သန်း ၆၀၀ ခန့် ရောဂါများခံစားနေရ ဆေးလိပ်သောက်ခြင်း တားမြစ်ပေးရန် ဥပဒေပြုသူများ တောင်းဆို

ပေကျင်း မတ် ၅

တရုတ်လူဦးရေ၏ သန်း၆၀၀ခန့်သည် ဆေးလိပ်သောက်သူများ၏ ဆေးလိပ်ငွေ့များကို ရှူရှိုက်မိသောကြောင့် ရောဂါဝေဒနာများ ခံစားနေရသည့်အပြင် အထူးသဖြင့် စိတ်ကတုန်ကယင် ဖြစ်ခြင်းဝေဒနာကို ခံစားနေရကြောင်း၊ ထို့ကြောင့် အများပြည်သူသုံးနေရာများ၌ ဆေးလိပ်သောက်သုံးခြင်းကို ပိတ်ပင်တားမြစ်ရန် အမျိုးသားဥပဒေပြုရေးအဖွဲ့ကို ဥပဒေပြုသူများက မတ် ၃ရက်တွင် တောင်းဆိုလိုက်သည်။

ဥပဒေပြုရေး

လေ့လာဆန်းစစ်ချက်များအရ ဆေးလိပ်ငွေ့များကို တစ်ဆင့်ခံရှူရှိုက်မိသောကြောင့် ရောဂါများ ခံစားနေရသူများတွင် ၇၅ ရာခိုင်နှုန်းသည် အိမ်သူအိမ်သားများ၊ ၃၂ ဒသမ ၅ ရာခိုင်နှုန်းသည် အများပြည်သူနေရာများနှင့် ၂၅ ရာခိုင်နှုန်းသည် လုပ်ငန်းခွင်အတွင်းမှ ဖြစ်ပွားရခြင်းဖြစ်ကြောင်း ဥပဒေပြုရေးအဖွဲ့မှ ချန်ဂူယန်းက ပြောကြားသည်။

တရုတ်နိုင်ငံတွင် အသက် ၁၅ နှစ်အထက် ဆေးလိပ်သောက်သုံးသူဦးရေသည် သန်း ၃၅၀ ရှိသည်။

ထို့ကြောင့် ဆေးလိပ်မသောက်ရန် နေရာများသတ်မှတ်ရန်နှင့် ဆေးလိပ်မသောက်သုံးရန် မိမိကိုယ်မိမိ တားဆီးကာကွယ်နိုင်မည့် အသိတရားများ ပေးရန် အလွန်အရေးကြီးကြောင်း ချန်က ပြောကြားသည်။ **အမ်အင်အေးဆင်ဟွာ**

လူသားနှင့်စက်ရုပ်စစ်တုရင်ပြိုင်ပွဲ တရုတ်၌ ပထမဆုံးအကြိမ်ကျင်းပမည်

ပေကျင်း မတ် ၅

တရုတ်နိုင်ငံတွင် ယခုနှစ်၌ လူသားများနှင့် စက်ရုပ်များအကြား ပထမဆုံးအကြိမ် တရုတ်စစ်တုရင်ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း ဖန်တီးမှုဉာဏ်စွမ်းရည်ဆိုင်ရာ တရုတ်လူမှုအဖွဲ့အစည်းက ပြောကြားသည်။

ဇူလိုင်လနှင့် ဩဂုတ်လတွင် ကျင်းပမည့် ပထမဆုံးအကြိမ် တရုတ်စစ်တုရင်ပြိုင်ပွဲတွင် စက်ရုပ်များသည် အဆင့်မြင့် တရုတ်စစ်တုရင်ကစားသမားငါးဦးကို စိန်ခေါ်ကာ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဖန်တီးမှုဉာဏ်စွမ်းရည် ထုတ်လုပ်မှုနှင့် အောင်မြင်ဖြစ်ထွန်းရေးတွင် နိုင်ငံ၏ ပထမဆုံး ယင်းပြိုင်ပွဲ၌ လူသားများက တစ်ဦးနှင့်တစ်ဦး တစ်ကြိမ်ပြီးတစ်ကြိမ် ထိပ်တိုက်တွေ့ကြမည် ဖြစ်သည်။

ကမကထပြု

ဇူလိုင် ၂၅ရက်မှ ၃၁ရက်အထိ ကျင်းပမည့် ယှဉ်ပြိုင်ပွဲကို လူမှုအဖွဲ့အစည်းနှင့် တက္ကသိုလ်သုံးခုတို့က ကမကထပြု ဆောင်ရွက်ခြင်းဖြစ်သည်။

တီထွင်

တရုတ်သိပ္ပံပညာရှင်များသည် အများသုံးစစ်တုရင်နှင့် ကွဲပြားသည့် တရုတ်စစ်တုရင်နှင့် ပတ်သက်၍ စက်ရုပ်များ ကစားမည့် အစီအစဉ်များကို လေ့လာတီထွင်ခဲ့ကြခြင်း ဖြစ်သည်။

ယှဉ်ပြိုင်မှု

ယခုကဲ့သို့ စက်ရုပ်များက ယှဉ်ပြိုင်မှုအတွင်း ပါဝင်လာမည်ဆိုခြင်းမှာ တရုတ်သိပ္ပံပညာရှင်များ၏ ဖွံ့ဖြိုးတိုးတက်မှုများပင် ဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

ဆွေးနွေးပွဲ

ယှဉ်ပြိုင်နေစဉ်အတွင်း တရုတ်စစ်တုရင်ကစားနေကြမည့် စက်ရုပ်များနှင့် ပတ်သက်၍ လေ့လာမှုများအပေါ် သိပ္ပံပညာရှင်များက အမြင်ချင်းဖလှယ်မည့် ဆွေးနွေးပွဲများကိုလည်း ပြုလုပ်သွားမည်ဖြစ်သည်။

အမ်အင်အေးဆင်ဟွာ

ကျောရိုးနှင့်ဝမ်းဗိုက်ဆက်နေသောအမြွှာပူးအား ဆော်ဒီအာရေဗျဆေးရုံ၌ အောင်မြင်စွာခွဲစိတ်နိုင်

ရီယာ့ဒ် မတ် ၅

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့ရှိ ဆေးရုံတွင် ခွဲစိတ်ကုသရန်အတွက် ရောက်ရှိလာသော မော်ရိုကိုနိုင်ငံမှ ကျောရိုးနှင့်ဝမ်းဗိုက်ဆက်နေသော အမြွှာကလေးငယ်နှစ်ဦးကို မတ် ၄ရက်က မခွဲစိတ်မီ တွေ့ရစဉ်။ **(အောက်ပုံ)**

ယင်းအမြွှာကလေးငယ်နှစ်ဦးအား ခွဲစိတ်မှုကို စနေနေ့က စတင်ဆောင်ရွက်ခဲ့ပြီး သီးခြားစီခွဲထုတ်ရန်အတွက် ၁၂နာရီကြာ ခွဲစိတ်မှုပြုလုပ်ခဲ့ရသည်။

ဆော်ဒီအာရေဗျဆေးရုံတွင် ၁၉၉၀ပြည့်နှစ်ကတည်းကစ၍ အီဂျစ်၊ ပိုလန်၊ မလေးရှား၊ အီရတ်နှင့် ဖိလစ်ပိုင်နိုင်ငံများမှ အမြွှာပူးကလေးငယ်များကို ခွဲစိတ်ကုသမှုပေးခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အန္တာတိတ် ရေခဲလွှာများ သုံးနှစ်အတွင်း ကျဉ်းမြောင်းလာဟုဆို

ဝါရှင်တန် မတ် ၅

အန္တာတိတ်ရေခဲလွှာသည် လွန်ခဲ့သည့်သုံးနှစ်အတွင်း သိသာစွာ ကျဉ်းမြောင်းလာကြောင်း နာဆာက ၎င်း၏ လေ့လာတွေ့ရှိမှုကို မတ်၂ရက်က ထုတ်ပြန်သည်။

အန္တာတိတ်ရေခဲလွှာသည် ၂၀၀၂ ခုနှစ် ဧပြီလမှ ၂၀၀၅ခုနှစ် ဩဂုတ်လအထိ နှစ်စဉ်၁၅၂ကျူဘစ်ကီလို မီတာခန့် ဆုတ်ယုတ်သွားခဲ့ကြောင်း နာဆာ၊ ဂျာမန် ကမ္ဘာ့ဆွဲငင်အား ဖော်ထုတ်ရေးအာကာသယာဉ်တည်ဆောက်မှု နည်းပညာနှင့် ရာသီဥတု လက်တွေ့သုတေသနဌာန(ဂျာအာအေစီအီး)နှင့် သိပ္ပံပညာရှင်များက အချက်အလက်များကို အသုံးပြုကာ ကောက်ချက်ချခဲ့ကြသည်။

လေ့လာ

လေ့လာစဉ်ကာလအတွင်း ပျမ်းမျှဆုံးရှုံးမှုသည် ပင်လယ်မျက်နှာပြင် ၁ဒသမ၂မီလီမီတာ(၀ဒသမ၀၄၇၂၄လက်မ) မြင့်တက်ရန် လုံလောက်မည်၊ သို့မဟုတ် ယင်းကာလအတွင်း ပင်လယ်မျက်နှာပြင် မြင့်တက်မှုအားလုံး၏ ၁၃ရာခိုင်နှုန်းရှိကြောင်း ကိုလိုရာဒိုနှင့် ဘိုလ်ဒါတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာချက်တွင် ဖော်ပြပါရှိသည်။

အကြီးမားဆုံး

အများဆုံး ဆုံးရှုံးမှုမှာ အန္တာတိတ် အနောက်ဘက်ရေခဲလွှာမှဖြစ်ကြောင်း လေ့လာချက်တွင် ဖော်ပြပါရှိသည်။ အန္တာတိကတိုက်သည် ကမ္ဘာကြီး၏ အကြီးမားဆုံး ရေသန့်စုစည်းသိုမှီးရာဖြစ်ကြောင်း သုတေသနပညာရှင် အိုင်ဆာဘယ်လာဗီလီကော့နာက ပြောကြားသည်။

မှန်မှန်ကန်ကန်

ရေခဲလွှာများသည် ပင်လယ် မျက်နှာပြင်ပြောင်းလဲမှုကို ခန့်မှန်းရာတွင် ကြီးမားသည့် အကြောင်းရင်းတစ်ရပ်ဖြစ်ပြီး ပိုမို၍ မှန်မှန်ကန်ကန် ကြိုတင်ပြောနိုင်ရေးအတွက် အလွန်ပင်အရေးကြီးကြောင်း ၎င်းက ပြောကြားသည်။

အင်အင်အေး၊ရိုက်တာ

အသက်မွေးမှုနှင့် ပညာရေးဆိုင်ရာပြပွဲ စင်ကာပူ၌ လေးရက်ကြာကျင်းပမည်

စင်ကာပူ မတ် ၅

အသက်မွေးမှုလုပ်ငန်းနှင့် ပညာရေးဆိုင်ရာနှစ်ပတ်လည်ပြပွဲကို စင်ကာပူနိုင်ငံ ဆန်းတက်ပြပွဲ ဗဟိုခန်းမ၌ မတ် ၂ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါပြပွဲကို စင်ကာပူ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဗဟိုဌာန၊ ကျောင်းသားများအကျိုးပြုရေးအတွက် လမ်းခင်းပေးသည့် ပြပွဲစီစဉ်သူများ၊ အလုပ်အကိုင်ရှာဖွေကြသူများ၊ အလုပ်ရှင်များနှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းများက ကြီးမှူးကျင်းပခဲ့ခြင်း ဖြစ်သည်။

ကမ်းလှမ်း

လေးရက်ကြာ ကျင်းပမည့် အဆိုပါ ပြပွဲသို့ တရုတ်၊ သြစတြေးလျ၊ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ကနေဒါ၊ ဂျာမနီနှင့် စင်ကာပူနိုင်ငံများ အပါအဝင် နိုင်ငံ ၂၀မှ ပြပွဲပြသမည့်သူ ၅၅၀က အရေးကြီးသည့် ဆောင်ရွက်ထားမှုများနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ကမ်းလှမ်းကြမည် ဖြစ်သည်။

ယခုနှစ် ဤပြပွဲတွင် အင်ဂျင်နီယာလုပ်ငန်း၊ အာကာသယာဉ်တည်ဆောက်မှုလုပ်ငန်း၊ မရိန်းနှင့်ကမ်းလွန်လုပ်ငန်း၊ ဇီဝနည်းပညာ၊ ခရီးသွားလုပ်ငန်းနှင့် ကဏ္ဍပေါင်းများစွာပါဝင်မည့် အလုပ်အကိုင် ၁၅၀၀၀ကျော် ရရှိခွင့်ရှိမည်ဖြစ်ကြောင်း ပြပွဲအခမ်းအနားဖွင့်ပွဲတွင် စင်ကာပူ ပညာရေးနှင့် လူ့စွမ်းအားဝန်ကြီး ဂန်ကင်ယွန်က ပြောကြားသည်။

အသက်မွေးဝမ်းကျောင်းဆိုင်ရာ လမ်းညွှန်မှုနှင့် ရွေးချယ်မှု၊ ပညာရေးဆိုင်ရာ လမ်းညွှန်မှုနှင့် သင်တန်းတက်ရောက်မှု၊ ဒေသနှင့်ပင်လယ်ရပ်ခြား လေ့လာမှုများနှင့် ပတ်သက်၍ ဆွေးနွေးပွဲကဏ္ဍ ၁၅၀ကျော်ကိုလည်း ပြပွဲနှင့်အတူ ကျင်းပသွားမည် ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဘီစီ ၄၅၀ ခန့်က ရှေးဟောင်းရုပ်တု

လွန်ခဲ့သော ဘီစီ ၄၅၀ ခန့်က ရှေးဟောင်းရုပ်တုတစ်ခုကို တွေ့ရစဉ်။ (ယာပုံ)

အဆိုပါ ရုပ်တုကို အီဂျစ်နိုင်ငံတွင် ရှာဖွေတွေ့ရှိရခြင်းဖြစ်ပြီး ရှေးခေတ်လူသားတစ်ဦး၏ မျက်နှာနှင့် မြင်းတစ်ကောင်၏ ခန္ဓာကိုယ်ပါရှိသော ရုပ်တုဖြစ်သည်။ သုတေသန ပညာရှင်များက လွန်ခဲ့သော ဘီစီ ၄၅၀ ခန့်က ရုပ်တုတစ်ခုဖြစ်ကြောင်း ခန့်မှန်းသည်။

(အင်တာနက်)

ဘီစီ ၂ ရာစုခန့်က ရုပ်တု

လွန်ခဲ့သော ဘီစီ ၂ ရာစုခန့်က ပြုလုပ်ခဲ့သော ရုပ်တုတစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံပေကျင်းမြို့တွင် ရှေးဟောင်းပစ္စည်းများ ပြပွဲ၌ လွန်ခဲ့သည့် ဘီစီ ၂ ရာစုခန့်က ပြုလုပ်ခဲ့သော ရွှေနှင့်ကျောက်မျက်များ စီခြယ်ထားသည့် ရုပ်တုတစ်ခုကို ပြသခဲ့သည်။ ထိုရုပ်တုသည် အတွင်း၌ အဝတ်ပတ်များ ထည့်သွင်းထားပြီး အပေါ်မှ အလေးချိန် ၁၅၇၆ ဂရမ်ရှိသည့် ရွှေမျှင်များနှင့် အဖိုးတန်ကျောက်မျက် ၄၂၄၈ လုံးပါရှိသော ကျောက်မျက်များဖြင့် စီခြယ်မွမ်းမံမှုများ ပြုလုပ်ထားသည်။

အဆိုပါရုပ်တုသည် တရုတ်ဟန်မင်းဆက်မှ ဘုရင်တစ်ပါး၏ပုံစံ ရုပ်တုတစ်ခုဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

နိုင်ငံတကာ အာကာသစခန်းယာဉ် ၂၀၁၀ ပြည့်နှစ်တွင် အာကာသ၌ဆက်လက်ထားရှိမည်

နာဆာ မတ် ၅

နိုင်ငံတကာ အာကာသစခန်း(အိုင်အက်စ်အက်စ်)အေဂျင်စီငါးခုမှ အကြီးအကဲများသည် ယင်းတို့၏ အာကာသစခန်းယာဉ်အနာဂတ်နှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြသည်။

ကနေဒါ၊ ရုရှား၊ အမေရိကန်၊ ဥရောပနှင့် ဂျပန်နိုင်ငံမှ အေဂျင်စီ အကြီးအကဲများသည် ဖလော်ရီဒါရှိ နာဆာ၏ ကနေဒီအာကာသစခန်း၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယင်းတို့သည် ၂၀၁၀ပြည့်နှစ်တွင် နိုင်ငံတကာ အာကာသစခန်းယာဉ်ကို အာကာသတွင် ဆက်လက်ထားရှိမည့် အစီအစဉ်များကို အတည်ပြုလိုက်ပြီ ဖြစ်ကြောင်း သိရသည်။

အိုင်အက်စ်အက်စ်ကို အမေရိကန်အာကာသလွန်းပြန်ယာဉ်က ဝန်ဆောင်မှုပေးခဲ့သည်။ ယင်းနောက် ၂၀၀၃ ခုနှစ်က ကိုလံဘီယာလွန်းပြန်ယာဉ် ပျက်ကျ သွားခဲ့သည်။ ထို့နောက် သံသယရှိသော ပျံသန်းရေးအစီအစဉ်များ ပျက်ပြားခဲ့ရသည်ဟု နာဆာကပြောကြားသည်။

နာဆာအဖွဲ့က မေလတွင် အာကာသလွန်းပြန်ယာဉ် ပျံသန်းမှုများပြန်စရန် မျှော်မှန်းထားကြောင်း၊ ယခုနှစ်တွင် မစ်ရှင်အဖွဲ့သုံးဖွဲ့ အာကာသစခန်းယာဉ်သို့ စေလွှတ်ရန် ဖြစ်နိုင်ချေရှိကြောင်း ၎င်းတို့က ပြောကြားသည်။

၂၀၀၅ ခုနှစ် ဇူလိုင်လက ဒစ္စကာဗာရီလွန်းပြန်ယာဉ် လွှတ်တင်ရာတွင် ရေမြှုပ်အလွှာပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်ကို နာဆာမှ ပထမဆုံးသိရှိခဲ့သည်။ **(အင်တာနက်)**



အာကာသစခန်းယာဉ်ကို တွေ့ရစဉ်။

ကြောင်များကိုကူးစက်သည့် ကြက်ငှက်တုပ်ကွေးရောဂါပိုး လူများကိုကူးစက်နိုင်ခြင်းမရှိဟုဆို

ဘာရပ်ဆဲလ် မတ် ၅

ကြောင်များကို H5 N 1 ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်လာပါက ယင်းမှတစ်ဆင့် လူကိုကူးစက်နိုင်ခြင်းမရှိကြောင်း၊ သို့ရာတွင် သတိဖြင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဥရောပကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။

ဂျာမနီနိုင်ငံ ရူဂျင်းကျွန်း၌ လွန်ခဲ့သော သီတင်းပတ်များက H5 N 1 ကူးစက်ခံရသော ကြောင်တစ်ကောင် သေဆုံးနေသည်ကို တွေ့ရှိခဲ့သည်ဟု ဆိုသည်။

ကြောင်များသည် အခြားသော အိမ်မွေးတိရစ္ဆာန်များထက် လူကို H5 N 1 ရောဂါပိုးကူးစက်သည်ကို မတွေ့ရကြောင်း၊ ခွေးကဲ့သို့ အခြားသော အိမ်မွေးတိရစ္ဆာန်များတွင် ယင်းရောဂါပိုးပျံ့နှံ့မှု သဲလွန်စကို တွေ့ရကြောင်း ၎င်း ကျွမ်းကျင်ပညာရှင်များ၏ ကြေညာချက်တွင် ဖော်ပြသည်။

သို့ရာတွင် ကြောင်တွင် H5 N 1 ရောဂါပိုးတွေ့ရှိပါက အခြားတောရိုင်း ကြက်ငှက်များအား မကူးစက်ရန် သတိဖြင့် အစီအမံများ ချမှတ်၍ လုပ်ဆောင်ရန်လိုကြောင်း ၎င်းတို့က ပြောကြားသည်။

ကြောင်များနှင့် ခွေးများသေကျေသောအခါ ကြက်ငှက်များတွင် ရောဂါကူးစက်သွားနိုင်သည်။ ယင်းကဲ့သို့ ဖြစ်ပါက လိုအပ်သော စမ်းသပ် စစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်ကြောင်း အဆိုပါ သိပ္ပံပညာရှင်များက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာကာသယာဉ်မှူးနှစ်ဦး လေ့ကျင့်မှုများပြုလုပ်နေ

ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ဂါဂါရင် အာကာသယာဉ်မှူးများ လေ့ကျင့် သင်ကြားရေးဌာနတွင် နိုင်ငံတကာ အာကာသစခန်းသို့ သွားရောက်ကြမည့် အမေရိကန်နှင့် ရုရှား အာကာသယာဉ်မှူးနှစ်ဦး လေ့ကျင့်မှုများ ပြုလုပ်နေသည်ကို မတ် ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နှစ်ပေါင်း ၁၅၀၀ခန့်က ပန်းချီကားများ တရုတ်နိုင်ငံမြောက်ပိုင်း၌ ရှာဖွေတွေ့ရှိ

ပေကျင်း မတ် ၅

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ်တွင် မကြာသေးမီက ရှေးဟောင်းအုတ်ဂူ ၁၂လုံး၏တစ်လုံးအတွင်းမှ လွန်ခဲ့သောနှစ်ပေါင်း ၁၅၀၀ခန့်က နံရံဆေးရေးပန်းချီနှင့် ယွန်းပန်းချီကားများကို ရှေးဟောင်းသုတေသနပညာရှင်များ ရှာဖွေတွေ့ရှိခဲ့ကြောင်း မတ် ၄ ရက် ဆင်ဟွာသတင်းက ဖော်ပြသည်။

ရှာဖွေတွေ့ရှိ

ယင်းပန်းချီကားများနှင့် အသုံးအဆောင်ပစ္စည်းများကို ရှာဖွေတွေ့ရှိခြင်းသည် တရုတ်နိုင်ငံ မြောက်ပိုင်းရှိ ဝေမင်းဆက်(၃၈၆-၅၃၄)လူတို့၏ နေ့စဉ်ဘဝကို လေ့လာသိရှိရန်အတွက် အထောက်အကူဖြစ်ခဲ့ကြောင်း ဒါတန်းရှေးဟောင်း သုတေသနဌာနမှ ပညာရှင်များက ပြောကြားသည်။

ရေးဆွဲထား

အချို့ ယွန်းပန်းချီကားများတွင် ပါဝင်သော ရုပ်ပုံနှင့် ကမ္ပည်းစာများသည် တရုတ်တို့၏ အရှင်သခင်၊ ရဲမက် စစ်သည်နှင့် ခရီးသွားလာမှု ရှုခင်းများကို ရေးဆွဲထားကြသည်။

အုတ်ဂူ ၁၂လုံးသည် ရှန်စီပြည်နယ် ဒါတန်းမြို့ပြင်ရှိ ရှာလင်းကျေးရွာတွင် တည်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ ကျင်းပမည်

ရန်ကုန်　မတ်　၅

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကျောက်ကုန်း သုခါ ပဋိပဒါ သဒ္ဓမ္မရံသီရိပ်သာ နာယက၊ ပဲခူးယ်ကုန်းမြို့ မဟာစည်သာသနာ့ရိပ်သာ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ စန္ဒာဝရ၏ မဟာကမ္မဋ္ဌာနာစရိယ ဂုဏဝိသိဋ္ဌ ပူဇာ မင်္ဂလာအခမ်းအနားကို မတ် ၁၉ ရက် (တပေါင်းလပြည့်ကျော် ၆ ရက်) တနင်္ဂနွေနေ့တွင် သုခါပဋိပဒါ သဒ္ဓမ္မရံသီရိပ်သာ၌ လည်းကောင်း၊ မတ် ၂၆ ရက် (တပေါင်းလပြည့်ကျော် ၁၃ ရက်) တနင်္ဂနွေနေ့တွင် ပဲခူးယ်ကုန်းမြို့ မဟာစည် သာသနာ့ရိပ်သာ၌ ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာနှင့် ဝိနယဓရကျောင်းဆောင်သစ် ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို လည်းကောင်း ကျင်းပမည်ဖြစ်ပါ၍ ကြွရောက် ကြည်ညိုပူဇော်နိုင်ကြောင်းနှင့် အကြိုတရားပွဲအဖြစ် မတ် ၂၅ ရက် ည ၇ နာရီတွင် မန္တလေးမြို့ စိန်ပန်း ရတနာပုံ မဟာစည်သာသနာ့ရိပ်သာ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာဝံသက ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ချင်းမိုင်ပြပွဲမှ “နာဂလုံမပျိုများ(လဟယ်)” (ဓာတ်ပုံ-စိန်မျိုးမြင့်)

ချင်းမိုင်ပြပွဲမှ “နာဂအမျိုးသားကြီး(လဟယ်)” (ဓာတ်ပုံ-စိန်မျိုးမြင့်)

● *ကျောဖုံးမှ*

ယခု ချင်းမိုင်မြို့တွင် ခင်းကျင်းပြသထားသော ဓာတ်ပုံများမှာ မြန်မာနိုင်ငံတစ်ဝန်းမှ သဘာဝရှုမျှော်ခင်းများ၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ဖော်ညွှန်း ရိုက်ကူးတင်ပြထားသည့် ဓာတ်ပုံများဖြစ်သည်။

ဆွဲဆောင်မှုအကောင်းဆုံးဓာတ်ပုံများမှာ စိန်မျိုးမြင့်၏ ကချင်ပြည်နယ်ရှိ “မျှော်ချောင်ကူးတို့ဆိပ်” ဓာတ်ပုံ၊ “ဆောင်းဦး ပုဂံနံနက်ခင်း”ဓာတ်ပုံ၊ “နာဂလုံမပျိုများ(လဟယ်)”ဓာတ်ပုံ၊ “ထမံသီ မြစ်ကမ်း(ချင်းတွင်းမြစ်)”ဓာတ်ပုံနှင့် “နာဂအမျိုးသားကြီး(လဟယ်)”ဓာတ်ပုံတို့ပင် ဖြစ်သည်။ **(မြန်မာ့အလင်း)**

ခြေတုန်လက်တုန်ရောဂါကုသနိုင်ရန် ကြွက်များကိုစမ်းသပ်နေ

အသက်အရွယ်ထောက်လာသူများတွင် ဖြစ်တတ်သော ခြေတုန်လက်တုန်ရောဂါနှင့် အခြား ရောဂါများကို ကုသနိုင်ရေးအတွက် ဆေးဘက်ဆိုင်ရာ သုတေသနပညာရှင်များက ကြွက်များကို သုတေသနပြု စမ်းသပ်လေ့လာလျက်ရှိသည်။ **(အောက်ပုံ)**

သုတေသနပြု

ကြွက်များ၏ အာရုံကြောဆိုင်ရာ မူလဖြစ်တည်မှုကို လေ့လာသုတေသနပြုကာ ယင်းတွေ့ရှိချက်ကို ဆေးပညာပေါင်းစပ်မှုဖြင့် လူများတွင်ဖြစ်တတ်သော ခြေတုန်လက်တုန်အပါအဝင် အခြားအကြောရောဂါများကို ကုသနိုင်ရန်ဖြစ်ကြောင်း အမေရိကန်ဆေးဘက်ဆိုင်ရာ သုတေသန ပညာရှင်များက ပြောကြားသည်။

စမ်းသပ်

ယခုအခါ အာဂျင်တီးနားနိုင်ငံ ဗြူနိုအေးရိစ်မြို့ရှိ ဓာတ်ခွဲခန်းတစ်ခုတွင် ခြေတုန်လက်တုန် ရောဂါနှင့် အခြားရောဂါများကိုကုသနိုင်ရန် ကြွက်များကို ဆေးဘက်ဆိုင်ရာ စမ်းသပ် သုတေသနပြုမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(ကိုးကားချက်-အင်တာနက်)**



ဒီဇိုင်းပုံစံသစ် သုံးဘီးယာဉ်

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ မော်တော်ယာဉ်များပြပွဲတွင် ကမ္ဘာ့နိုင်ငံအများအပြားမှ မော်တော်ယာဉ်များ ပါဝင်ပြသလျက်ရှိရာ ဂျပန်နိုင်ငံမှ တိုယိုတာသုံးဘီးမော်တော်ယာဉ်တစ်စီးလည်း ပါဝင်ပြသထားသည်။ **(အပေါ်ပုံ)**

စီးနင်းမောင်းနှင်နိုင်

အဆိုပါမော်တော်ယာဉ်သည် ဘီးသုံးဘီးပါရှိပြီး လူတစ်ဦးသာ စီးနင်းမောင်းနှင်နိုင်သည်။ ယာဉ်၏ အပေါ်အမိုးသည် ဖွင့်နိုင်ဖုံးအုပ်နိုင်အောင် အရှင်ပြုလုပ်ထားပြီး ယာဉ်၏ကိုယ်ထည်များကို သတ္တုပြားများဖြင့် ပြုလုပ်ထားသည်။

အထူးစီစဉ်ထုတ်လုပ်ထား

ထိုသုံးဘီးမော်တော်ယာဉ်ကို ခရီးတို သွားလာရာတွင် အသုံးပြုနိုင်ရန် ထုတ်လုပ်ထားခြင်းဖြစ်ပြီး တစ်ဦးချင်းလွတ်လပ်စွာ သွားလာလိုသူများအတွက် အထူး စီစဉ်ထုတ်လုပ်ထားခြင်း ဖြစ်သည်။ ၎င်းသုံးဘီးယာဉ်မှာ မြန်နှုန်းမြင့်မောင်းနှင်နိုင်ခြင်းမရှိဘဲ ပုံမှန်နှုန်းဖြင့်သာ မောင်းနှင်နိုင်ပြီး မောင်းနှင်သူအား ဘေးအန္တရာယ်အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးထားသည်ဟု သိရသည်။ **(ကိုးကားချက်-အင်တာနက်)**

ကမ္ဘာလှည့်ခရီးသွားများ ဆွဲဆောင်သည့်အခမ်းအနား

ဘယ်လ်ဂျီယံနိုင်ငံသည် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ဘယ်လ်ဂျီယံနိုင်ငံရှိ မြို့ကြီးများတွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား ဆွဲဆောင်သည့် အခမ်းအနားများကို ခမ်းခမ်းနားနားကျင်းပလျက်ရှိသည်။

ယခုအခါ ဘယ်လ်ဂျီယံနိုင်ငံ တောင်ပိုင်း ဘင်ချီမြို့တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ ရိုးရာဓလေ့အဝတ်အစားများ ဝတ်ဆင်ကာ လူငယ်လူကြီးများ ပါဝင်သည့် ရာပေါင်းများစွာသော ပြည်သူများက စုပေါင်းလှည့်လည် သွားလာသည့် အခမ်းအနားတစ်ရပ်ကို ကျင်းပခဲ့ကြသည်။ **(အောက်ပုံ)**

စိတ်ဝင်စားဖွယ်

ထူးခြားဆန်းကြယ်ပြီး အမြင်ဆန်းသော ရိုးရာဓလေ့ဝတ်စုံများကို ဝတ်ဆင်ထားသည့် ဘင်ချီမြို့သူမြို့သားတို့၏ ရိုးရာအခမ်းအနားမှာ ကမ္ဘာလှည့် ခရီးသည်များအတွက် စိတ်ဝင်စားဖွယ်ရာ ဆွဲဆောင်မှုတစ်ရပ်ပင် ဖြစ်သည်။

ကမ္ဘာလှည့်

ဘယ်လ်ဂျီယံသို့ နှစ်စဉ် ပြင်သစ်၊ နယ်သာလန်၊ ဂျာမနီနှင့် အခြားနိုင်ငံများမှ ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ အများအပြား လာရောက်ကာ ဘယ်လ်ဂျီယံနိုင်ငံသားတို့၏ ရိုးရာဓလေ့ ဝတ်စားဆင်ယင်မှု အခမ်းအနားများသို့ လေ့လာခဲ့ကြသည်။ **(ကိုးကားချက်-အင်တာနက်)**



အင်တာနက် သတင်းနှင့်ဓာတ်ပုံ

ကမ္ဘာ့အကြီးမားဆုံးကွန်ပျူတာပြပွဲ ပြုလုပ်မည်

ဂျာမနီနိုင်ငံမြောက်ပိုင်း ဟန်နိုဗာမြို့တွင် ယခု မတ် ၉ ရက်မှ ၁၅ ရက်အထိ ခင်းကျင်းပြသမည့် ကမ္ဘာ့အကြီးကျယ်အခမ်းအနားဆုံး ကွန်ပျူတာပြပွဲကြီးတစ်ရပ်ကိုကျင်းပရန် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ **(ဝဲပုံ)**

ပြသမည်

အဆိုပါပြပွဲကြီးတွင် ကွန်ပျူတာများအပြင် အင်တာနက် ချိတ်ဆက်အသုံးပြုပစ္စည်းများ၊ မိုဘိုင်းလ်ဖုန်းများ၊ ဒိုင်တီနည်းပညာသုံး ခေတ်မီနောက်ဆုံးပေါ် ပစ္စည်းများကို ထည့်သွင်းပြသသွားမည်ဖြစ်သည်။

ထူးခြားဆုံး

ယခုပြပွဲကြီးသည် ကမ္ဘာ့အကြီးမားဆုံး ဒိုင်တီနည်းပညာသုံး ပစ္စည်းကိရိယာများပြပွဲတစ်ခုဖြစ်ရန် ယခင်ပြုလုပ်ခဲ့သော နိုင်ငံတကာဆိုင်ရာ ကွန်ပျူတာနှင့် ဒိုင်တီနည်းပညာပြပွဲများနှင့်မတူဘဲ ထူးခြားစွာ ပြသသွားမည်ဟု သိရသည်။ **(ကိုးကားချက်-အင်တာနက်)**

မန္တလေးတိုင်း ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ဖွင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၅

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် မန္တလေးတိုင်း ကျန်းမာရေးဌာနတို့က ကြီးမှူးကျင်းပသော မန္တလေးတိုင်း နဝမအကြိမ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ခန်းမ၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်း တိုင်းကျန်းမာရေးကော်မတီနာယက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်၍ အမှာစကားပြောကြား သည်။ (အောက်ပုံ)

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး၊ တရားရုံးချုပ်(အထက်မြန်မာပြည်) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်နှင့်ဇနီး၊ ရှေ့နေချုပ် ရုံးခွဲ (မန္တလေး)ဒုတိယရှေ့နေချုပ် ဦးဟန်ရှိန်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ အရာရှိများ၊ မန္တလေးမြို့ပေါ်ရှိ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခချုပ်များ၊ ဆရာဝန်ကြီးများ၊ သူနာပြုတက္ကသိုလ်မှ သူနာပြုကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းကျန်းမာရေးကော်မတီနာယက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်က အမှာစကားပြောကြားရာတွင် ယနေ့သည် နဝမအကြိမ်အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အဖြစ် နိုင်ငံတစ်နိုင်ငံလုံးတွင် တစ်ပြိုင်နက်တည်း ကျင်းပနေပြီဖြစ်ကြောင်း။

အမျိုးသားရေးလှုပ်ရှားမှု

မြန်မာနိုင်ငံအနေဖြင့် ဤကဲ့သို့ ရက်သတ်မှတ်ပြီး နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပခြင်းသည် နိုင်ငံတော်၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး တိုးတက်မြင့်မားစေရန် အတွက် သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော သန့်ရှင်းသည့် ယင်လုံအိမ်သာများ စနစ်တကျ ဆောက်လုပ်သုံးစွဲခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းခြင်း၊ အညစ်အကြေးများ စနစ်တကျစွန့်ပစ်ခြင်း စသည်တို့ကို စောင့်ရှောက်နိုင်ရန်အတွက် အဓိက ဦးတည်ချက်တစ်ရပ်အဖြစ် ထင်ဟပ်ပြသနေကြောင်း၊ နဝမအကြိမ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၅ ရက်အထိ အမျိုးသားရေးလှုပ်ရှားမှုတစ်ရပ် ကျင်းပရန် တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ကျေးလက်အဆင့်အထိ ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ပြီးဖြစ်ကြောင်း။

နဝမအကြိမ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မန္တလေးတိုင်းအတွင်း သန့်ရှင်းသောယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲခြင်းလုပ်ငန်းများကို ၁၀၀ ရာခိုင်နှုန်းပြည့်မီရန်အတွက် ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲရေးနှင့် ရေကောင်းရေသန့်ရရှိရေးအတွက် တိုင်းအဆင့်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့် ဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်ရက်သတ္တပတ်လှုပ်ရှားမှုများ အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံချက်ရာနှုန်းပြည့်မီသော မြို့နယ်များအနေဖြင့် အောင်မြင်မှုကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းထားရန်၊ ရာနှုန်းမပြည့်သေးသော မြို့နယ်များကိုလည်း လျာထားချက်များပြည့်မီအောင် တိုင်းအဆင့်မှနေ၍ ကြီးကြပ်ကွပ်ကဲခြင်း၊ ပြန်လည်ဆန်းစစ်ခြင်းများကိုပြုလုပ်သွားရန်၊ မြို့နယ်များအတွက် လိုအပ်ချက်များကို ပံ့ပိုးကူညီသွားရန်ဟူသော နည်းဗျူဟာသုံးရပ်ချမှတ်ထားကြောင်း၊ ယခုနှစ် နဝမအကြိမ်မြောက် ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်၏ ဆောင်ပုဒ်မှာ **တစ်သက်တာကျန်းမာဖို့ သန့်ရှင်းအိမ်သာသုံးကြစို့၊ကျန်းမာခြင်းအစ လက်သန့်ရှင်းရေးက၊ ရေကောင်းရေသန့်သုံးစွဲမှ မိသားစု ကျန်းမာရေးစိတ်အေးရ**ဟူ၍ သုံးမျိုးဖြစ်ကြောင်း၊ လူတိုင်းလူတိုင်း အထက်ပါဆောင်ပုဒ်အတိုင်း လိုက်နာကျင့်သုံးနိုင်ပါက ပတ်ဝန်းကျင်သန့်ရှင်းရေးမှ ပတ်ဝန်းကျင် ကျန်းမာရေးသို့ ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ မန္တလေးမြို့အနေဖြင့် မြို့တော်အင်္ဂါရပ်များနှင့်အညီ မြို့ပြဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းအသီးသီး၊ လူမှုရေးအဖွဲ့အစည်းအသီးသီး၊ ပြည်သူလူထုနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုတစ်ရပ်ဖြစ်သော **“နောင်လာမည့် မျိုးဆက်သစ်များအတွက် ကျန်းမာရေး အမွေခံကောင်းသော ပတ်ဝန်းကျင်ကို ဖန်တီးပေးကြပါ”**ဟူသည့်လမ်းညွှန်ချက်ကို လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းက အမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ နဝမအကြိမ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အတွက် အလှူရှင်များဖြစ်သော ဂရိတ်ဝေါလ်ကုမ္ပဏီ ဦးတင်မောင်နှင့်ဇနီး ဒေါ်နန်းလှစိန်တို့က အလှူငွေကျပ်သုံးသိန်း၊ နယူးစတား စိန်ရွှေရတနာဆိုင် ဦးရန်အောင်နှင့်ဇနီး ဒေါ်ရင်ရွှင်တို့က အလှူငွေကျပ်သုံးသိန်းနှင့် ဂရိတ်ဒိုင်းမွန်းစိန်ရွှေရတနာဆိုင် ဦးအောင်အောင်နှင့်ဇနီး ဒေါ်လှလှဝေတို့က အလှူငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူရှင်များဖြစ်ကြသော ဝေါလ်ဗီးရှင်းမှ အလှူငွေကျပ်တစ်သိန်းနှင့် တောင်ကြီးမောက်မယ်သနပ်ခါးကုမ္ပဏီမှ ဦးစိုင်းလတ်နှင့်ဇနီး ဒေါ်ဝင်းတို့က အလှူငွေကျပ်နှစ်သောင်းတို့ကို ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်မော်ဝန်း ရေလယ်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဗုဒ္ဓ၊ ဓမ္မနှင့် သံဃပူဇာများဖြင့် ဆင်ယင်ကျင်းပမည်

ရန်ကုန် မတ် ၅

ကျောက်တန်းမြို့ ကျိုက်မော်ဝန်း ရေလယ်စေတီတော် (၉၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာများဖြင့် ဆင်ယင်ကျင်းပမည်ဖြစ်သည်။

ပူဇော်

မတ် ၆ ရက်မှ ၈ ရက်အထိ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ရေလယ်စေတီတော် ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တသုန္ဒရ(ဓမ္မာစရိယ)မဇ္ဈိမဂုဏ်ရည်အဖွဲ့ ဒေါက်တာဘဒ္ဒန္တကောဝိဒ (Ph.D) နှင့် ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝံသပါလာ လင်္ကာရဆရာတော်တို့က တရားတော်များ ဟောကြားပြီး မတ် ၉ ရက်မှ ၁၂ ရက်အထိ သံဃာတော်အရှင်သူမြတ် အပါး ၃၀ တို့က မဟာပဋ္ဌာန်း ဒေသနာတော်များ ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

မတ် ၁၃ ရက် (တပေါင်းလပြည့်နေ့) မွန်းလွဲ ၁ နာရီတွင် ဘုရားအမှူးပြုသော သံဃာတော် ၁၅၇ ပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပြီး ညနေ ၆ နာရီ၌ ကျိုက်မော်ဝန်းရေလယ် စေတီတော်မြတ်အား ဆီမီးရောင်စုံဖြင့် ပူဇော်ပြီး မီးမျှောပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၁၀၉)

ခြံစည်းရိုးကြက်ဆူပျိုးပွဲတော် မောက်မယ်၌ကျင်းပ

ရန်ကုန် မတ် ၅

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်မှ ခြံစည်းရိုးကြက်ဆူပျိုးပွဲတော်အား ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက မောက်မယ်မြို့နယ် ကုန်းလမ်းရပ်ကွက် ကျောင်းခုံတံတားထိပ်တွင် မြေဧရိယာတစ်ဧကရှိ ခြံစည်းရိုး ကြက်ဆူစံပြပျိုးဥယျာဉ်၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် လင်းခေးခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းက တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။ အဆိုပါ အခမ်းအနားတွင် ခရိုင်အဆင့် ဌာနဆိုင်ရာမှ ပုဂ္ဂိုလ်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ပါဝင်စိုက်ပျိုး

ယင်းနောက် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးထုတ်လုပ်အသုံးပြုမှုဆိုင်ရာ ပညာပေးပြခန်းအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ပျိုးဥယျာဉ်ပျိုးဘောင် ၁၊၂၊၃၊၄အတွင်း ခြံစည်းရိုးကြက်ဆူမျိုးစေ့အိတ်၊ အပင်ပေါက်အိတ်၊ ကိုင်းထိုးအိတ်၊ မျိုးစေ့ဘောင်၊ အပင်ပေါက်ဘောင်၊ ကိုင်းထိုးဘောင် စုစုပေါင်း ကြက်ဆူမျိုး ၂၁၂၃၅၅ပင်ကို တပျော်တပါး ပါဝင်စိုက်ပျိုးကြသည်။

ဆက်လက်၍ လင်းခေးခရိုင်ဥက္ကဋ္ဌသည် ဌာနဆိုင်ရာများက ပျိုးဥယျာဉ်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်မှ ကျပ်သိန်း၁၃၈၅ ကုန်ကျခံတည်ဆောက်ပေးထားသော အလျားပေ၂၃၀၊ အကျယ်၁၂ပေရှိ သစ်သားဘေလီကျောင်းခုံတံတားအား မတ်လအတွင်း ပြီးစီးအောင် တည်ဆောက်ရေးနှင့် တံတားဖွင့်ပွဲကို ဖွင့်လှစ်နိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။ **(ပြန်/ဆက်)**

ဂုဏပူဇာပွဲသဘင်

ရန်ကုန် မတ် ၅

သန်လျင်မြို့နယ် ဆုတောင်းပြည့်အမှတ်(၂)ဘုန်းတော်ကြီးသင် ပညာရေးနှင့်ဖွံ့ဖြိုးမှု ပရဟိတကျောင်း၏ ဦးစီးပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနန္ဒဝံသအား မတ် ၂၅ ရက်(စနေနေ့)တွင်ဂုဏပူဇာပွဲသဘင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

သီတဂူကြယ်တစ်ပွင့်၏ဓမ္မသဘင်

ရန်ကုန် မတ် ၅

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင် တမာတန်းငြိမ်းချမ်းရွှေပြည် စာသင်တိုက်၏ ပဓာနဆရာတော် သာသနဓဇဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရသဒ္ဓမ္မဇောတိကဓဇ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် မတ် ၁၅၊ ၁၆၊ ၁၇ ရက်ညများတွင် ဇီးဖြူသောင်ရွာ ရေးမြို့နယ်၊ ၁၈၊ ၁၉၊ ၂၀ ရက်ညများတွင် အစင်ရွာ ရေးမြို့နယ်၊ ၂၁၊ ၂၂ရက်ညများတွင် ရေးမြို့၊ ၂၃၊ ၂၄ရက်ညများတွင်ထုံးအိုင်ရွာ ကရင်ပြည်နယ်၊ ၂၆ ရက်ညတွင် ချမ်းသာကြီးရွာ ပန်းတနော်မြို့နယ်၊ ၂၇ ရက်ညတွင် မြတောင်စာသင်တိုက် ပန်းတနော်မြို့၊ ၂၈ ရက်ညတွင် ၁၅ ရပ်ကွက် တ/ဥက္ကလာ ရန်ကုန်၊ ၂၉ ရက်ညတွင် ထ/၁၆ ရွှေပြည်သာ ရန်ကုန်၊ ၃၀ ရက်ညတွင် ဒေးဒရဲမြို့၊ ၃၁ရက်ညတွင် ကြံ့ဒါးရွာ ဒေးဒရဲမြို့နယ်၊ ဧပြီ ၁ ရက်ညတွင် ကြံ့ဒတ်ရွာ ဒေးဒရဲမြို့နယ်၊ ၂ရက်ညတွင် သာဓုလမ်း ကြည့်မြင်တိုင် ရန်ကုန်၊ ၃ ရက်နှင့် ၄ ရက်ညများတွင် ၃ ရန်ပြေ သာကေတမြို့နယ် ရန်ကုန် ဓမ္မသဘင်များ၌ တရားတော်များဟောကြားမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ကျေးဇူးရှင်ဆရာတော်နှင့် ဗိုလ်ကြီးဇော်မင်းအောင်တို့အား ရည်စူး၍ ညီမဖြစ်သူ ဒေါ်ကြည်ကြည်ရွှေက ဒုတိယအကြိမ် အလှူငွေကျပ်တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ ဦးတင်မြင့်ဦးထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

✡ ရှေ့ဖုံးမှ

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အထိမ်းအမှတ်အလံပေးအပ်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းတို့အား ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ ပျိုးကိုင်းများ ရာနှုန်းပြည့်ကျော်လွန် စုဆောင်းပျိုးထောင်ထားရှိမှု အထိမ်းအမှတ်အလံကို ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်ဆန်းက ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးရာ၌ သိရှိသင့်သည့် အချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးဗိုလ်မှူးချုပ်လှဌွေးဝင်းတို့က ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများကို ရန်ကုန်အရှေ့ပိုင်းခရိုင် အတွင်းရှိ ဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီဝင်များနှင့် မြို့နယ်များမှ ကိုယ်စားလှယ်များအား ဖြန့်ဝေပေးကြသည်။

ပျိုးထောင်ပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းနှင့် တာဝန်ရှိသူများသည် ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများအား ပျိုးအိတ်များအတွင်း ပျိုးထောင်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန် အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၄မြို့နယ်နှင့် စက်မှုဇုန်များက ခင်းကျင်း ပြသထားသည့် ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့၊ ပျိုးကိုင်း၊ ပျိုးပင်နှင့် ပျိုးထောင် စိုက်ပျိုးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ ပျိုးဥယျာဉ်အတွင်း လူမှုရေးအသင်းအဖွဲ့ဝင်များက ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

စိုက်ပျိုးပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌွေးဝင်းတို့က ပျိုးပွဲတော်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက ခြံစည်းရိုးကြက်ဆူပျိုး ဥယျာဉ်ရှိ ပျိုးပင်များကို စက်ခလုတ်ဖွင့်၍ရေပက်ဖျန်းပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် တစ်ခုလုံးတွင် ခြံစည်းရိုးကြက်ဆူပျိုးပင် ၃၂၀၀၀၀၊ မျိုးစေ့ ၄၄၄တင်း၊ ပျိုးကိုင်း ၁၉၀၀၀၀ကျော် စုဆောင်း ထားရှိပြီး ဖြစ်ရာ စုဆောင်းရရှိမှု ရာခိုင်နှုန်း၁၁၈ ဒသမ ၈၂ရာခိုင်နှုန်း ဖြစ်သည်။ ယခုအခါ မျိုးစေ့ဖြင့် ၁၂ ဒသမ ၀၄ဧက၊ ပျိုးကိုင်းဖြင့် ၅ ဒသမ ၆၆ ဧက စုစုပေါင်း ၁၇ ဒသမ ၇ဧက စိုက်ပျိုးပြီးဖြစ်သည်။

ပျိုးထောင်ထား

ခရိုင်တစ်ခုလုံးတွင် ခြံစည်းရိုးကြက် ဆူ ဧက၇၀၀၀ကျော် စိုက်ပျိုးသွားရန် ရည်မှန်းထားပြီး ခရိုင်အတွင်းရှိမြို့နယ်များ၌ ပျိုးဥယျာဉ်ပေါင်း၂၂၉ခု၊ စက်မှုဇုန်၁၀ဇုန်တွင် ပျိုးဥယျာဉ်ပေါင်း ၁၀ခုတို့ကို စနစ်တကျ ပျိုးထောင်ထားရှိပြီး ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းတို့ မြို့နယ်များ၊ စက်မှုဇုန်များက ခင်းကျင်းပြသထားသည့် ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့၊ပျိုးကိုင်း၊ ပျိုးပင်နှင့်ဓာတ်ပုံ မှတ်တမ်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းတို့ ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့်ပျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ပျိုးထောင်ပေးစဉ်။ (သတင်းစဉ်)

■ ကျောဖုံးမှ

ဝန်ကြီးက လုပ်ကွက်အမှတ် A-1 နှင့် A-3တို့၌ စမ်းသပ်ရရှိထားပြီးဖြစ်သည့် ရွှေသဘာဝ ဓာတ်ငွေ့သိုက်၊ ရွှေဖြူ သဘာဝဓာတ်ငွေ့သိုက်နှင့် မြသဘာဝဓာတ်ငွေ့သိုက်တို့ ခိုအောင်းနိုင်မည့် သဘာဝ ဓာတ်ငွေ့ပမာဏ တွက်ချက်ရရှိမှုများအရ အိမ်နီးချင်းနိုင်ငံများသို့ ပိုက်လိုင်းဖြင့် ပို့လွှတ်ရောင်းချနိုင်မည့် အလားအလာများနှင့် သဘာဝဓာတ်ငွေ့ရည် (LNG) စက်ရုံတည်ဆောက်နိုင်မည့် အလားအလာများကို ဆွေးနွေး ညှိနှိုင်းပြီး ငွေဘူမိအနေအထားနှင့် ရွှေနီလာဘူမိ အနေအထားများတွင် ရှာဖွေရေးတွင်းများ တူးဖော်ခြင်းလုပ်ငန်းကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ဆွေးနွေးညှိနှိုင်း

ဆက်လက်၍ ဝန်ကြီးနှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ဆောင်ရွက်သွားမည့် အစီအစဉ်များကို အသေးစိတ်ဆွေးနွေးညှိနှိုင်းကြသည်။ ထို့နောက် ဝန်ကြီးက တွင်းတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိကြသော နိုင်ငံခြားသားပညာရှင်များနှင့် မြန်မာဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်း ပေးအပ် ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တူးဖော်ရေးစင် Nan Hai ပေါ်သို့ လှည့်လည်ကြည့်ရှုပြီး မြအစမ်းတွင်းအမှတ်(၁)အား သဘာဝဓာတ်ငွေ့မီးရှို့ စမ်းသပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အလားအလာကောင်းမည်

အဆိုပါ လုပ်ကွက်အမှတ် A-3 သည် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A-1 ရွှေသဘာဝ ဓာတ်ငွေ့သိုက်ကြီး၏တောင်ဘက်၌ ကပ်လျက်တည်ရှိသည်။ ပဏာမ စမ်းသပ်တွေ့ရှိချက်များအရ မြသဘာဝ ဓာတ်ငွေ့သိုက်၌ သဘာဝဓာတ်ငွေ့ပမာဏ (၂) ထရီလီယံ ကုဗပေခန့် ခိုအောင်းနိုင်ကြောင်းသိရှိရသည်။ လုပ်ကွက် A-3 အတွင်း၌ မြဘူမိအနေအထားအပြင် အခြားပေနက်ပိုင်း ဘူမိအနေအထားများ၌လည်း နောက်ထပ် သဘာဝဓာတ်ငွေ့သိုက်အသစ်များ ထပ်မံတွေ့ရှိနိုင်မည့် အလားအလာများ များစွာကောင်းမွန်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုညာရာမဆရာတော်တရားပွဲ

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ်လမ်း ပုညာရာမမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ မတ်၁၁ရက်မှ ၂၅ရက်အထိ ၁၅ရက် စခန်းကို ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ(ဗဟုဇနဟိတဓရ ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ)က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်သစ္စာတရားများကို ဟောကြားပြသမည်ဖြစ်ရာ မတ် ၁၀ ရက် ညနေ အရောက်လာရောက်ရမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၀)ဖြန့်ချိ

ရန်ကုန် မတ် ၅

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၂)၊ အမှတ်(၁၀)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏အယ်ဒီတာ့ဒိုင်ယာရီ၊ ဂျပန်နိုင်ငံ APU တက္ကသိုလ်တွင် စပွန်ဆာမလိုဘဲ ကျောင်းတက်နိုင်ပြီ၊ ပြည်တွင်းပုဂ္ဂလိကလေကြောင်းလိုင်းများ မတ်လမှစ၍ ပျဉ်းမနားလေယာဉ်ကွင်းသို့ ဆင်းသက်ရန်စီစဉ်လျက်ရှိ၊ မြန်မာ့ပန်းများ စင်ကာပူသို့ တင်ပို့မည် စသည့်ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

တံတွေးထွေးစရိုက်အပြီးတိုက်ရန် ပေကျင်းမြို့တော်အားထုတ်၊ အီရန်နှင့် ရုရှား အဏုမြူသန့်စင်ရေးစီမံကိန်း ညှိနှိုင်းဆွေးနွေးမှုစတင်၊ ဆံပင်ပုံစံအမျိုးမျိုး တပ်ဆင်ထားသော ကားများ ဟောင်ကောင်တွင် ပြပွဲကျင်းပ၊ ကင်ဆာရောဂါကင်းဝေးစေချင်သလား ဂေါ်ဖီထုပ်များများစား စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ အားကစား၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍစုံလင်စွာဖြင့် e-Empire Media House ဖုန်း-၅၀၀၇၂၁ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

စာရေးကိရိယာပစ္စည်းများ အများဆုံးရောင်းချပေးခဲ့သော အရောင်းကိုယ်စားလှယ်များအား ဆုချီးမြှင့်

ရန်ကုန် မတ် ၅

Beauty World Trading Co.,Ltd. က ထုတ်လုပ် ဖြန့်ဖြူးသော စာရေးကိရိယာပစ္စည်းများအား ၂၀၀၅ခုနှစ်အတွင်း အများဆုံးဖြန့်ဖြူးရောင်းချပေးခဲ့သည့် အရောင်းကိုယ်စားလှယ်များအား ဆုချီးမြှင့်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂ရက်ညပိုင်းတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ဦးက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး အရောင်းနှင့် ဈေးကွက်မန်နေဂျာ ဦးနိုင်အောင်ထွန်းက ဆုချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆုများကို ဒါရိုက်တာအဖွဲ့ဝင် ဦးမောင်တင်နှင့် ဦးဇော်ဇော်မိုးတို့က ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

ဖြန့်ဖြူးရောင်းချ

အဆိုပါ ကုမ္ပဏီမှ Boss, Jumbo, Boss Reynolds, Boss Smart အမှတ်တံဆိပ် ဘောလ်ပင်များကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပြီး ထပ်မံ၍လည်း ကုန်ပစ္စည်းအသစ်များကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မတ် ၄ ရက်က ရန်ကင်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ် (၁၄) ပညာရည်ချွန် ဆုပေးပွဲနှင့် မိဘဆရာအသင်းနှစ် ပတ် လည် အစည်း အဝေး ကျင်းပရာ ပထမတန်းမှ ပထမဆုရ မမြင့်မိုရ်သင်းအားကျောင်းအုပ် ဆရာမကြီး ဒေါ်လှလှမော်က ဆုချီးမြှင့်စဉ်။ (က-ပ)

ရန်ကုန်မြို့ မြိတ်အသင်း ဂုဏ်ပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၅

နိုင်ငံတော်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော မြိတ်မြို့နယ်များမှ ဆရာတော်ကြီး ရှစ်ပါးအား မတ် ၁၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် မြိတ်အသင်း အမှတ် ၆၈ လှည်းတန်းလမ်း လမ်းမတော်မြို့နယ် ရုံး၌ ဂုဏ်ပူဇာသဘင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် မန္တလေး ဆေးတက္ကသိုလ်များနှင့် သူနာပြုတက္ကသိုလ်ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၅

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ဆေးသိပ္ပံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမောင်မောင်ဝင်း၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်တို့လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ဆေးဝါးတက္ကသိုလ်သို့ရောက်ရှိပြီး ဆေးဝါးတက္ကသိုလ်တွင် မြေယာပြုပြင်ခြင်းနှင့် ဝန်ထမ်းအိမ်ရာအခြေအနေများကို ကြည့်ရှုပြီး ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဝန်ကြီးသည် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး)သို့ ဆက်လက်သွားရောက်ပြီး ဆရာ ဆရာမများအဆောင် ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဝန်ကြီးသည် တိုင်းရင်းဆေးတက္ကသိုလ်သို့ရောက်ရှိပြီး တိုင်းရင်းဆေးတက္ကသိုလ်နှင့် သရုပ်ပြပရဆေးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးသည် ဆေးတက္ကသိုလ်(မန္တလေး)သို့ ရောက်ရှိပြီး ပါမောက္ခချုပ်က ဆေးတက္ကသိုလ်၏ သင်ကြားရေး၊ အုပ်ချုပ်ရေးကိစ္စဆောင်ရွက်ချက်များကိုတင်ပြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ဆရာ ဆရာမများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဖြည့်ဆည်းပေးရန်မှာကြား

ထို့နောက် ဝန်ကြီးသည် ဗဟိုအမျိုးသမီးဆေးရုံဝင်းအတွင်းရှိ သားဖွားသင်တန်းကျောင်းသို့ရောက်ရှိလာရာ သူနာပြုတက္ကသိုလ်ပါမောက္ခချုပ်နှင့် ကျောင်းတာဝန်ခံဆရာမကြီးတို့က ကျောင်းပြောင်းရွှေ့ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက သင်ထောက်ကူပစ္စည်းများ တိုးတက်ဖြည့်ဆည်းပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✡ *ကျော်ဖုံးမှ*

ရှင်းလင်းတင်ပြ

ဝန်ကြီးအား မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့် တာဝန်ရှိသူများက အုတ်ဖိုစုဘူတာမှ စောင့်ကြိုပြီး မြန်မာ့မီးရထားတိုင်းအမှတ်(၇)မှ အင်ဂျင်နီယာမှူး(မြို့ပြ) ဦးငွေအောင်က အုတ်ဖိုစု–အရှေ့ပိုင်းတက္ကသိုလ်(သန်လျင်) ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေတို့ကို ဇယားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝန်ကြီးသည် တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားပြီးနောက် အရှေ့ပိုင်းတက္ကသိုလ် ဘူတာဆောက်လုပ်မည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ အထွေထွေမန်နေဂျာ(မြို့ပြ)ဦးသီဟန်က အုတ်ဖိုစု –အရှေ့ပိုင်းတက္ကသိုလ် ရထားလမ်းအူကြောင်း မြေဖို့ပြီးစီးမှု၊ ဘူတာဆောက်လုပ်မည့် မြေနေရာနှင့် လုပ်ငန်းအစီအစဉ်များအား ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ပြေးဆွဲပေးခဲ့ပြီဖြစ်

ထိုမှတစ်ဆင့် ဝန်ကြီးသည် လှော်ကားဘူတာသို့ ရောက်ရှိရာ ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းအောင်၊ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးလှရီနှင့် တာဝန်ရှိသူများက လှော်ကားဘူတာ၏ နေ့စဉ်ခရီးသည် ပို့ဆောင်မှုအခြေအနေ၊ ဘူတာနှင့် ကွန်ပျူတာတက္ကသိုလ် ဆက်သွယ်သည့် လမ်းကြောင်းအခြေအနေများကို တင်ပြသည်။ ဝန်ကြီးက တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ အချိန်ကုန်၊ ငွေကုန်သက်သာစေရေးအတွက် ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်ကို ရထားပြေးဆွဲပေးခဲ့ပြီဖြစ်ကြောင်း၊ အရှေ့ပိုင်းတက္ကသိုလ်(သန်လျင်)သို့လည်း ရထားပြေးဆွဲနိုင်ရန်လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်နေကြောင်း၊ ယခုလည်း ကွန်ပျူတာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစေရန် လှော်ကားဘူတာမှ ကွန်ပျူတာတက္ကသိုလ်အထိ ကုန်းလမ်းပို့ဆောင်ရေးမော်တော်ယာဉ်များဖြင့် သယ်ပို့ပေးလိုသဖြင့် အသေးစိတ် လာရောက်ကြည့်ရှုခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် မီးရထား လပေးလက်မှတ်များ ရောင်းချရာတွင် ကားခပါတစ်ပါတည်းထည့်သွင်း၍ ရောင်းချပေးရန်ဖြစ်ကြောင်း မှာကြားသည်။ ယင်းနောက် လှော်ကားဘူတာကို အသေးစိတ် လိုက်လံကြည့်ရှု စစ်ဆေးသည်။

ဖြည့်စွက်မှာကြား

ဒုတိယဝန်ကြီး ဦးဖေသန်းက ကုန်းလမ်းပို့ဆောင်ရေး မော်တော်ယာဉ်ရပ်နားစခန်းနေရာ၊ ကျောင်းသားများအတွက် ပြုလုပ်ပေးမည့် ကားဂိတ်နေရာများကို ရှင်းလင်းပြသရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာ့မီးရထားနှင့် ကုန်းလမ်းပို့ဆောင်ရေးဌာနတို့မှ တာဝန်ရှိသူများအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်းမှာကြားပြီး နံနက်၉နာရီ ၄၅မိနစ်တွင် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အုတ်ဖိုစုဘူတာမှ အရှေ့ပိုင်းတက္ကသိုလ်(သန်လျင်)သို့ ဆက်သွယ်ဖောက်လုပ်မည့် ရထားလမ်းအူကြောင်းနှင့် ဘူတာဆောက်လုပ်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ရှုရီဂုရုကြီး နှစ်တစ်ရာပြည့်မွေးနေ့အထိမ်းအမှတ်နှင့် ဘွဲ့တံဆိပ်ရရှိသည့် နာယကလူကြီးများအားဂုဏ်ပြု

ရန်ကုန် မတ် ၅

သနန္တနဓမ္မပါလကအဖွဲ့ချုပ် (ရန်ကုန်)က ကြီးမှူး၍ ရှုရီဂုရုကြီး နှစ်တစ်ရာပြည့် မွေးနေ့အထိမ်းအမှတ်နှင့် နိုင်ငံတော်က ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခြင်းခံကြရသော နာယကလူကြီးများအားဂုဏ်ပြုပွဲကို ယမန်နေ့တွင် အမှတ် ၄၈၆ ကုန်သည်လမ်းရှိ မဟာတ္တမဂန္ဓီခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သနန္တနဓမ္မပါလကအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမိုဟန်လာ(လ်)နှင့် အဖွဲ့ဝင်များ၊ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသူများ၊ အသင်းသား အသင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အကြံပေးပုဂ္ဂိုလ်နှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ဆီမီးထွန်းညှိ၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ သာသနာပြုဆရာ ဒေါက်တာဦးလှထွန်းက ရှုရီဂုရုကြီး၏ နှစ်တစ်ရာပြည့် မွေးနေ့အထိမ်းအမှတ်အကြောင်း ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုလွှာပေးအပ်

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၆)ဖြင့် ဘွဲ့တံဆိပ်တော်ရရှိသည့် သနန္တနဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်နာယကများဖြစ်ကြသည့် မဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့ရ ဒေါက်တာခင်မောင်ညွှန့်၊ မဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့ရရှိသည့် ဦးကျော်ခင်မြင့်၊ သီရိသုဓမ္မ မဏိဇောတဓရ ရရှိသည့် ဗန္ဓုလဦးရွှေ၊ သီရိသုဓမ္မမဏိဇောတဓရ ဦးတင်မောင် (စန္ဒီပရဆေး)နှင့် တစ်သက်တာစာပေဆုရှင် ဦးလှကြိုင် ဆရာကြီးပါရဂူတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမိုဟန်လာ(လ်)နှင့် ဒုတိယဥက္ကဋ္ဌ ဦးကြည်မင်းတို့က ပေးအပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်လက်မှတ်ချီးမြှင့်

ပညာရေးဝန်ကြီးဌာန ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဆင့်မအကြိမ်မြောက် ဆရာအတတ်ပညာ လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက်က ပြည်မြို့ ပညာရေးကောလိပ်ခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မူမြင့်က ဆရာမတစ်ဦးအား အောင်လက်မှတ် ချီးမြှင့်ပေးအပ်စဉ်။ (ပညာရေး)

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ မတ်လ (၈) ရက်

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

တောင်ငူမြို့ ဂျီတီအိုင် ကျောင်းသား ကျောင်းသူ ဟောင်းများ၏ ၁၉၈၅–၁၉၈၇ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၅ရက်က ဇဟန်း မြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ဓမ္မစကြာ ရိပ်သာကျောင်း၌ကျင်းပရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့၍ ပစ္စည်းများ ပေးအပ်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မူပိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မတ် ၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ မတ်၁ရက်မှ မတ်၃ရက်အထိ ကျင်းပခဲ့သည့် "အာဆီယံ + ၃မူပိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲ" (ASEAN + 3 Copyright Seminar) သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညနေပိုင်းက လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာလိဂ်အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲဆက် ဆောက်လုပ်ရေးနိုင်၊ မြို့တော်စည်ပင်နှင့် စွန်ရဲသရေကျ

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅–၂၀၀၆ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ၃နာရီခွဲက လှိုင်ယာအားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ဆောက်လုပ်ရေးအသင်းက ရထားပို့ဆောင်ရေးအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆောက်လုပ်ရေးအသင်းသည် ပထမပိုင်းနှစ်ဂိုးအသာဖြင့် ဦးဆောင်ကစားနိုင်ပြီး ပွဲပြီးခါနီး၌ တစ်ဂိုး ထပ်မံသွင်းယူကာ သုံးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဆောက်လုပ်ရေးအသင်းအတွက် အနိုင်ဂိုးသုံးဂိုးကို မင်းမင်းထွန်းတစ်ဦးတည်းက သွင်းယူပေးခြင်းဖြစ်သည်။ ယနေ့ပွဲစဉ်အပြီးတွင် ဆောက်လုပ်ရေးအသင်းက ၁၄ပွဲ ကစား ၂၁မှတ်ဖြင့် အဆင့်၆၌ လည်းကောင်း၊ ရထားပို့ဆောင်ရေးအသင်းက ၁၄ပွဲကစား ၁၀မှတ်ဖြင့် အဆင့် ၁၅၌လည်းကောင်း ရပ်တည်လျက်ရှိသည်။

တစ်ဂိုးစီသရေ

အောင်ဆန်းအားကစားပြိုင်ကွင်း၌ မြို့တော်စည်ပင်အသင်းနှင့် စွန်ရဲအသင်းတို့ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်သွားသည်။ ယနေ့ပွဲစဉ်များအပြီးတွင် မြို့တော်စည်ပင်အသင်းက ၁၄ပွဲကစား ၁၉မှတ်ဖြင့် အဆင့်၈၌ လည်းကောင်း၊ စွန်ရဲအသင်းက ၁၄ပွဲကစား ၁၇မှတ်ဖြင့် အဆင့်၁၂၌လည်းကောင်း ရပ်တည်လျက်ရှိသည်။

ယနေ့ပွဲ

မတ် ၆ရက် **(ယနေ့)** ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် တပ်မတော်(ကြည်း)အသင်း၊ လှိုင်ယာအားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ တံခွန်အသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဤကမ္ဘာမှာ သက်ရှည်ကြာ လိပ်မျိုးထိန်းသိမ်းပါ

မိမိဖော် (မဟာသိပ္ပံ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အပါအဝင် ကမ္ဘာအနှံ့အပြားတွင် သဘာဝဝန်းကျင် ယိုယွင်းပျက်စီးခြင်း မရှိအောင် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်လျက်ရှိပါသည်။အဘယ်ကြောင့်ဆိုသော်သဘာဝအရင်းအမြစ်များ ပျက်စီးပျောက်ကွယ်သွားပါက ဂေဟဗေဒစနစ်များ ပြတ်တောက်သွားနိုင်ပြီး သဘာဝဘေး အန္တရာယ်များ ကျရောက်လာနိုင်သောကြောင့် ဖြစ်ပါသည်။

ယနေ့အခါတွင် သဘာဝအရင်းအမြစ်တစ်ခုဖြစ်သည့် သက်ရှိ သယံဇာတ ပင်လယ်လိပ်များသည် ကမ္ဘာပေါ်တွင်သာမက မြန်မာနိုင်ငံတွင်ပါ မျိုးသုဉ်းပျောက်ကွယ်မည့် အခြေအနေသို့ ကျရောက်နေပါသည်။ ပင်လယ်လိပ်များသည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးနှင့် သက်တမ်း အရှည်ကြာဆုံး သတ္တဝါမျိုးစိတ်ဖြစ်ပြီး လွန်ခဲ့သော နှစ်သန်းပေါင်း ၂၀၀ ဝန်းကျင်က ဒိုင်နိုဆောသတ္တဝါများထက် ရှေးဦးစွာ ပေါ်ပေါက်ခဲ့ပါသည်။ ကမ္ဘာအနှံ့အပြားတွင် ပင်လယ်လိပ်မျိုးစိတ် ခုနစ်မျိုးရှိပြီး မြန်မာနိုင်ငံ၌ ပင်လယ်လိပ်မျိုးစိတ် ငါးမျိုးရှိပါသည်။ ၎င်းတို့မှာ လိပ်စောင်းလျား၊ ပြင်သာလိပ်၊ လိပ်ခွေး၊လိပ်ကြက်တူရွေး၊လိပ်လှောင်းတို့ဖြစ်ပါသည်။ ယခုအခါ ကမ္ဘာပေါ်ရှိ ပင်လယ်လိပ်မျိုးစိတ်များသည် မျိုးသုဉ်းပျောက်ကွယ်မည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်၍ မျိုးပြုန်းတီးလုသတ္တဝါမျိုးစိတ်ထဲတွင် သတ်မှတ်ထည့်သွင်း၍ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ပင်လယ်လိပ်များ တဖြည်းဖြည်း မျိုးသုဉ်းပျောက်ကွယ်ရခြင်း၏ အကြောင်းရင်းမှာ လူသားများက ဥများကို စားသုံးခြင်း၊ ဥများနှင့် သားပေါက်များအား အသုံးပြုသော ငါးဖမ်းပိုက်အများစုသည် ၂၄နာရီကြာမှ တစ်ခါဖော်သည့်အတွက် ငါးဖမ်းပိုက်ဖြင့် ငြိတွယ်မိသော ပင်လယ်လိပ်များသည် ရေမွန်း၍ သေဆုံးကြရပါသည်။ ပင်လယ်လိပ်များ၏ သဘာဝသည် ရေမျက်နှာပြင်အထက်သို့ တက်၍ တစ်နေ့လျှင် သုံးကြိမ် (သို့မဟုတ်)လေးကြိမ်ခန့် အသက်ရှူသည့် အလေ့အထရှိပြီး ၁၂နာရီအကြာ တစ်ခါ အသက်မရှူရလျှင် ရေမွန်းပြီး အသက်ရှူရပ်၍ သေဆုံးနိုင်ပါသည်။

ပင်လယ်ကမ်းရိုးတန်းဒေသရှိ ဒေသခံအချို့သည် ကမ်းခြေသောင်များပေါ်သို့ တက်ရောက် ဥချသော လိပ်ဥများကို တူးဖော်စားသုံးရုံသာလျှင်မက ပင်လယ်လိပ်မကြီးများကိုပါ သတ်ဖြတ်စားသုံးလျက် ရှိနေပါသည်။ အချို့သော ပင်လယ်လိပ်များမှာ ငါးဖမ်းပိုက်အစအနများတွင် ငြိတွယ် ရှုပ်ထွေး၍ သေဆုံးကြရပြီး အချို့သော ပင်လယ်လိပ်များသည် ပလတ်စတစ်များအား အစာထင်မှတ် စားသုံးမှုကြောင့် သေဆုံးကြရပါသည်။ ပလတ်စတစ်များသည် ရေထုတွင် ငါး၊ လိပ်အစရှိသော ရေနေသတ္တဝါများ၏ အစာထင်မှတ်၍ စားသုံးမှုကြောင့် အဆိပ်အတောက်ဖြစ်စေနိုင်သည့်အပြင် ရေအောက်ကြမ်းပြင်ရှိ အပင်များ၊ ကျောက်ခက်များတွင် ဖုံးလွှမ်းလျက် ထိခိုက်မှုများဖြစ်ပေါ်စေနိုင်ပြီး မြေထုတွင် မြေဆီလွှာများကို အကန့်အသဖွယ်ဖြစ်ပေါ်စေနိုင်ကြောင်း သုတေသနပညာရှင်များက စူးစမ်းလေ့လာတွေ့ရှိခဲ့ကြပါသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ပင်လယ်လိပ်ဥများအား သားဖောက်ကာ ပင်လယ်ပြင်သို့ ပြန်လွှတ်ပေးသည့် မျိုးထိန်းသိမ်းခြင်းလုပ်ငန်းကို ဧရာဝတီတိုင်းရှိ ငပုတော မြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့တွင် ဆောင်ရွက်လျက်

ရှိပြီး မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် စူးစမ်းလေ့လာလျက်ရှိနေပါသည်။

ဥများကိုသားဖောက်၍ ပင်လယ်ပြင်သို့ လွှတ်ပေးလိုက်သော လိပ်သားပေါက်ကလေးများမှာလည်း ပင်လယ်ထဲရှိ သားစားသတ္တဝါများ၏ စားသုံးခြင်းခံကြရသဖြင့် ရှင်သန်နှုန်းမှာ ဝဒသမ ၂ ရာခိုင်နှုန်းခန့်သာရှိသောကြောင့် မကြာခင်ကာလတွင် ပင်လယ်လိပ်မျိုးစိတ်များ လုံးဝမျိုးသုဉ်း ပျောက်ကွယ်တော့မည့် အခြေအနေသို့ ကျရောက်နိုင်ပါသည်။

ပင်လယ်ရေထုကို အဆိပ်အတောက် ဖြစ်စေပြီး ပင်လယ်ဒီရေနီကို ဖြစ်ပေါ်စေနိုင်သော အပင်မျှောလေးမျိုးစိတ်များကို ပင်လယ်လိပ်များက အစားအစာအဖြစ် စားသုံးလျက်ရှိသောကြောင့် ပင်လယ်ဒီရေနီဖြစ်ပေါ်စေမှုအန္တရာယ်မှ တစ်စိတ်တစ်ဒေသကာကွယ်နိုင်ပါသည်။ ထို့ကြောင့် ပင်လယ်လိပ်များသည် ပင်လယ်ဂေဟဗေဒစနစ်ဆက်စပ်မှုတွင် အလွန်အရေးပါပြီး တန်ဖိုးရှိသည့် သတ္တဝါမျိုးစိတ် တစ်စိတ်ဖြစ်သည့်အပြင် ပင်လယ်၌ နေထိုင်ကျက်စားသော အခြားသတ္တဝါမျိုးစိတ်များအား ဘေးအန္တရာယ်မှ ကယ်တင်နိုင်သည့် အခရာကျသည့် မျိုးစိတ်ဖြစ်ပါသည်။ ထို့အပြင် ပင်လယ်လိပ်များသည် အနာဂတ် လူသားမျိုးဆက်သစ်အတွက် အလွန်တန်ဖိုးရှိသည့် သတ္တဝါများပင် ဖြစ်ပါသည်။

အကယ်၍ ပင်လယ်လိပ်မျိုးစိတ်များ လုံးဝမျိုးသုဉ်းပျောက်ကွယ်သွားပါက ပင်လယ်ထဲ၌ နေထိုင်ကျက်စားသော ငါး၊ ပုစွန်အစရှိသော သတ္တဝါမျိုးစိတ်များသည် အပင်မျှောလေးမျိုးစိတ်များကြောင့် ဘေးဒုက္ခကျရောက်သေကျေပျက်စီးနိုင်ပါသည်။ ထို့ကြောင့် ပင်လယ်ဂေဟဆက်စပ်မှုအတွက် အလွန်အရေးပါသောပင်လယ်လိပ်မျိုးစိတ်များအား ထိန်းသိမ်းစောင့်ရှောက်ရန် အထူးလိုအပ်ပါသည်။

"ဒိုင်နိုဆောများထက် ရှေးဦးစွာ လိပ်မျိုးစိတ်များပေါ်ထွက်လာ၊ ပင်လယ်သဘာဝ ဝန်းကျင်မပျက်စီးဖို့ ပင်လယ်လိပ်များကို ထိန်းသိမ်းစို့"

"လူသားများရဲ့ အားထားရာ သဘာဝ ပင်လယ်ပြင်ကြီးပါ၊ ပင်လယ် သဘာဝဝန်းကျင် တည်မြဲဖို့ ပင်လယ်လိပ်များကို စောင့်ရှောက်စို့"

"ရေငန်သယံဇာတများ ဆက်လက်အခွန့်ရှည်ရေး၊ ပင်လယ်လိပ်များကို ဝိုင်းဝန်းထိန်းသိမ်းပေး"ဆိုသည့် ဆောင်ပုဒ်များအတိုင်း ပင်လယ်လိပ်များသည် ဇီဝမျိုးစုံမျိုးကွဲတွင် ပါဝင်သည့် အလွန်အဖိုး ထိုက်တန်သော ရေနေသက်ရှိ သယံဇာတများဖြစ်သည့်အတွက် ပင်လယ် လိပ်များအား မတော်တဆ ဖမ်းဆီးမိပါက သတ်ဖြတ်စားသုံးခြင်းမပြုဘဲ ဘေးကင်းရာ ပင်လယ်ပြင်သို့ ပြန်လွှတ်ပေးပြီး လိပ်ဥများအား တူးဖော်စားသုံးခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။

ပင်လယ်လိပ်များသည် ၎င်းတို့၏ ခန္ဓာကိုယ် ဇီဝဖြစ်စဉ်အရ အသက်ပြင်း လေ့ရှိပြီး တော်ရုံတန်ရုံ ဒဏ်ရာရရုံဖြင့် အသက်မသေနိုင်ပါ။ ငြိတွယ်မိသော ငါးမျှားချိတ်၊ ငါးဖမ်းကိရိယာ အစရှိသည်တို့ကို ဖယ်ရှားပေးပြီး စိုစွတ်နေသော အဝတ်ဖြင့် ပင်လယ်လိပ်၏ ခန္ဓာကိုယ်ပိုင်းကို ဖုံးအုပ်ပေး၍ အနည်းဆုံး လေးနာရီကြာ အနားယူခိုင်းခြင်းကို ပြုလုပ်ပေးနိုင်ပါက အသက်ရှင်သန်နိုင်ပါသည်။ ထို့အတူပင် **ပင်လယ်လိပ်မကြီးများ ဥချပြီး ရက်ပေါင်း၅၀ခန့် အကြာတွင် လိပ်ဥများကို တူးဖော်စားသုံးခြင်းမရှိပါက ဥများမှ သားပေါက်လာကာ ပင်လယ်ပြင်သို့ ၎င်းတို့ ဇီဇ သဘာဝ အလျောက်ဆင်းသည့် အလေ့အထရှိ**ပါသည်။ ထို့ကြောင့် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်ကြသော ဒေသခံပြည်သူများအနေဖြင့် ပင်လယ်လိပ်များအား ဝိုင်းဝန်းကူညီ ကာကွယ်စောင့်ရှောက် ထိန်းသိမ်းပေးနိုင်ကြမည်ဆိုလျှင် ဒေသခံပြည်သူများအတွက် ဖြည့်တင်းပေးနိုင်မည့် အာဟာရကို သဘာဝ ပင်လယ်ပြင်ကြီးမှ ရေရှည် ထုတ်ယူသုံးစွဲနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ လူသားများအား အဓိက အာဟာရ ဖြည့်စွမ်းပေးနိုင်သော ငါး၊ ပုစွန်အစရှိသော တန်ဖိုးကြီးမားသည့် ပင်လယ်သက်ရှိ သယံဇာတများ နေထိုင်ကျက်စားရာ ပင်လယ်သဘာဝ ဝန်းကျင်ကို ပျက်စီးယိုယွင်းခြင်း မရှိစေရန် ဝိုင်းဝန်းထိန်းသိမ်းကြဖို့ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပင်လယ်ရေထုကို အဆိပ်အတောက်ဖြစ်စေပြီး ပင်လယ်ဒီရေနီကို ဖြစ်ပေါ်စေနိုင်သော အပင်မျှောလေးမျိုးစိတ်များကို ပင်လယ်လိပ် များက အစားအစာအဖြစ် စားသုံးလျက်ရှိသောကြောင့် ပင်လယ်ဒီရေနီ ဖြစ်ပေါ်စေမှု အန္တရာယ်မှ တစ်စိတ်တစ်ဒေသ ကာကွယ်နိုင်။

ပင်လယ်လိပ်များသည် ၎င်းတို့၏ ခန္ဓာကိုယ် ဇီဝဖြစ်စဉ်အရ အသက် ပြင်းလေ့ရှိပြီး တော်ရုံတန်ရုံ ဒဏ်ရာရရုံဖြင့် အသက်မသေနိုင်။

ပင်လယ်လိပ်မကြီးများ ဥချပြီး ရက်ပေါင်း၅၀ခန့်အကြာတွင် လိပ်ဥများကို တူးဖော်စားသုံးခြင်းမရှိပါက ဥများမှ သားပေါက်လာကာ ပင်လယ်ပြင်သို့ ၎င်းတို့ဇီဇ သဘာဝအလျောက်ဆင်းသည့် အလေ့အထရှိ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲ အခမ်းအနားကို မတ် ၂ရက်က အမှတ်၁၆ရပ်ကွက် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမတွင် ကျင်းပရာ မြို့နယ် ဦးစီးမှူး ဒေါ်လှလှဌေးနှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ဖခင်ကြီး ဓာလီစနိုးဦးဘသန်းနှင့် မိခင်ကြီး ဒေါ်မမလေးတို့အား ရည်စူး၍ အမှတ် ၄၅ ပြည်ထောင်စုလမ်းသွယ် ဗဟန်းမြို့နယ်နေ ကိုရာအလှကုန်နှင့် ပန်းမြတ်ချယ်ရီ အလှကုန် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း)လက်ခံယူစဉ်။

(က-ပ)

တိုင်းမှူးပိုလ်မှူးချုပ်လှငွေးဝင်းနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း ငါးပိ၊ငါးခြောက်၊ငံပြာရည်လုပ်ငန်းစီမံကိန်းဇုန်နှင့် ငမိုးရိပ်ရေထိန်းတံခါးစစ်ဆေး

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် ယမန်နေ့ နံနက် ဧနာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သရက်ပင်ချောင်ကျေးရွာအနီး၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်း စီမံကိန်းဇုန်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဇုန်အတွင်း လုပ်ငန်းများဆောင်ရွက်နေမှု စီမံကိန်းအချက်အလက်များ၊ ဇုန်အတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့က မြို့တော်၏ သန့်ရှင်းသာယာမှုကို မထိခိုက်စေရေးအတွက် ကုန်ပစ္စည်းများကို စနစ်တကျ သယ်ယူပို့ဆောင်ကြရန်နှင့် လက်ရှိလုပ်ငန်းများအပြင် ရေတိသီးမှုန့်လုပ်ငန်းများ ထားရှိရမည့် မြေနေရာတိုးချဲ့ လျာထားဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့သည် ဇုန်အတွင်း ကျင်းပသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်သို့ တက်ရောက်ကြရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်တိုးက ခြံစည်းရိုးကြက်ဆူပင် စုဆောင်းပျိုးထောင်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့က ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့်မျိုးစေ့များကို ပျိုးထောင်ပေးကြပြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ စုဆောင်းထားရှိသည့် မျိုးစေ့ ၃၂တင်းနှင့် ပျိုးပင်စုပေါင်း စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေး၍ ပျိုးပွဲတော် အထိမ်းအမှတ်အဖြစ် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့သည် ဇုန်အတွင်း အကွက်အမှတ်(၁၊၂၊၃၊၄၊)ရှိ "နိုင်တူး" ငါးပိ၊ ငါးခြောက်လုပ်ငန်းတို့ကိုလည်းကောင်း၊ အကွက်အမှတ် ၁၉၆ရှိ "ရွှေမင်းသား"ငံပြာရည်လုပ်ငန်းကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့သည် စီမံကိန်းဇုန်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ကျန်စစ်သားလမ်းအထိ ဆက်သွယ်ဖောက်လုပ်ထားသည့် အရှည်(၂)မိုင်(၂)ဖာလုံ၊ အကျယ် ၃၄ပေရှိ မြေသားလမ်းခင်းကျင်းပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကြသည်။

ငမိုးရိပ်ရေထိန်းတံခါး

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီးရှိ ငမိုးရိပ်ရေထိန်းတံခါးသို့ သွားရောက်၍ ရေသိုလှောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** တိုင်းဆည်မြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး စီမံကိန်းဆိုင်ရာအချက်အလက်များ စိုက်ပျိုးရေပေးဝေမှု အခြေအနေ၊ အကျိုးပြုဧက ၅၈၉၅ ဧက အပြည့်အဝပေးဝေနိုင်အောင် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြ၍ တိုင်းမှူးက လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးသည်။ **(သတင်းစဉ်)**

မင်္ဂလာဒုံမြို့နယ်သမိုင်းဝင် ဓမ္မသိဒ္ဓိကလိုင်ထော်စေတီတော်မြတ်ကြီး၏ (၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက်က ကျင်းပရာ စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံပြုပြင်ရေးအတွက် အလှူငွေကျပ် နှစ်သိန်းကို သီဟသုဓမ္မမဏိဇောတဓရ KN ဦးတင်ဝင်းနှင့်ဇနီး သီရိသုဓမ္မသင်္ဂီဒေါ်စန်းစန်းဝင်းတို့က ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကိုတိုးက လက်ခံယူစဉ်။ (၃၆၃)

ရခိုင်ပြည်နယ် လမ်း၊ တံတားများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် မတ် ၂ရက်တွင် ဂွ-ငါးသိုင်းချောင်းလမ်းတစ်လျှောက်ရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ မိုင်တိုင်(၃၇/၀)၌ ရှိ ဇောဓိစခန်း လမ်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၂)အင်ဂျင်နီယာမှူး ဦးကျော်ရှိန်းက ဂွ-ငါးသိုင်းချောင်းလမ်း၌ ဧရာဝတီတိုင်းအပိုင်းနှင့် ရခိုင်ပြည်နယ်အပိုင်းများတွင် လမ်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန်သည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို ရှင်းလင်း တင်ပြပြီး တင်ပြချက်များအပေါ် ဧရာဝတီတိုင်း အင်ဂျင်နီယာမှူးကြီးနှင့် ရခိုင်ပြည်နယ် အင်ဂျင်နီယာမှူးကြီးတို့က ဖြည့်စွက်တင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ရခိုင်ပြည်နယ်၏ အဓိကလမ်းမကြီးတစ်ခုဖြစ်သည့် ဂွ-ငါးသိုင်းချောင်းလမ်း၏ ကတ္တရာလမ်းသား ပျက်စီးနေသည့် လမ်းပေါက်များ၊ လမ်းချိုင့်များကို အဆိုးဆုံးမှစ၍ အပိုင်းလိုက် ပြုပြင်သွားရန် မှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် ဂွ-သံတွဲလမ်းရှိ လမ်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ သံတွဲမြို့သို့ရောက်ရှိရာ သံတွဲခရိုင် ရှင်းလင်းဆောင်၌ သံတွဲခရိုင် အင်ဂျင်နီယာမှူး ဦးဉာဏ်ထွန်းက သံတွဲခရိုင်အတွင်းရှိ လမ်းများ အခြေအနေ၊ ယခုဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဂွ-သိုင်းချောင်းလမ်း၊ သံတွဲ-ဂွလမ်းပေါ်ရှိလမ်းများ တံတားများကို မိုးမကျမီ အပြီးဆောင်ရွက်နိုင်ရေးအတွက် စီမံချက်ချဆောင်ရွက်ရန် မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၂၇ရက်က တာမွေမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကျန်းမာရေးပညာပေးဆင့်ပွား သင်တန်းဖွင့်ပွဲကို မေတ္တာညွှန့်ရပ်ကွက် အမက(၂၂)ကျောင်းခန်းမတွင် ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့် အဖွဲ့ကြည့်ရှုကြစဉ်။ (၁၁၅)

ရန်ကုန်အရှေ့ပိုင်းခရိုင် ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၅

ရန်ကုန်အရှေ့ပိုင်းခရိုင် ကျန်းမာရေးကော်မတီနှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူးကျင်းပသော ရန်ကုန်အရှေ့ပိုင်းခရိုင် နဝမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်(၂၀၀၆)လှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့ မွန်းတည့် ၁၂နာရီက ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးကောလိပ်၊ မြတ်ပညာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က ခရိုင်အတွင်းရှိ မြို့နယ်များမှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေထံ ပေးအပ်သည်။

ဆုများပေးအပ်

ယင်းနောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌဒေါ်မာမာဝေက ၂၀၀၅ ခုနှစ်အတွင်း အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ပထမဆု ရရှိသည့် သဃ်္ဃန်းကျွန်းမြို့နယ်၊ ဒုတိယဆုရရှိသည့် မြောက်ဥက္ကလာပ မြို့နယ်နှင့် တတိယဆုရရှိသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဒေါ်မူမူညိုက ရန်ကုန်အရှေ့ပိုင်း ခရိုင်အတွင်း ဆောင်ရွက်လျက်ရှိသည့် ပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဧည့်သည်များအား ပတ်ဝန်းကျင် သန့်ရှင်းရေးပညာပေး ဗီဒီယိုဖြင့် ပြသသည်။

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ဧည့်သည်များသည် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌများထံ ယင်လုံအိမ်သာ သုံးခွက်များ ဝေငှပေးအပ်နေမှုနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၏ နဝမနှစ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၂၅ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံ ပညာမူလတန်းကျောင်း ပညာ ရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မကေသွယ်မိုးအား ကျောင်းအုပ်ဆရာကြီး ဦးစန်းအောင်က ဆုချီးမြှင့်စဉ်။
(က-ပ)

Myanmar CP Inter Club တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar CP Livestocks Co., Ltd ၏ ပံ့ပိုးမှုဖြင့် ကျင်းပမည့် Myanmar CP Inter Club တင်းနစ်ပြိုင်ပွဲကို မတ် ၂၀ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် (က)အဆင့် အသင်းလိုက် ပြိုင်ပွဲအတွက် တစ်ဦးချင်းနှစ်ပွဲနှင့် နှစ်ယောက်တွဲတစ်ပွဲ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး အသင်းတစ်သင်းလျှင် အားကစားသမား အနည်းဆုံး လေးဦးနှင့် အများဆုံး ငါးဦး သတ်မှတ်ထားသည်။

(ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် နှစ်ယောက်တွဲ သုံးပွဲပါဝင်ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဖြစ်ပြီး အသင်းတစ်သင်းလျှင် အားကစားသမား အနည်းဆုံး ခြောက်ဦးနှင့် အများဆုံး ခုနစ်ဦး သတ်မှတ်ထားသည်။

အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲလည်း ပါဝင်မည်ဖြစ်သည်။

ထည့်သွင်းကျင်းပမည်

ထို့အပြင် အသက်(၁၀)နှစ်၊ အသက်(၁၂)နှစ်နှင့် အသက်(၁၄)နှစ်နှင့်အောက် မျိုးဆက်သစ် လူငယ်တင်းနစ်ပြိုင်ပွဲလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အဆိုပါ တင်းနစ်ပြိုင်ပွဲ၏ ပြိုင်ပွဲစည်းကမ်းများ သတ်မှတ်ထားရာ (က)အဆင့်အသင်းလိုက် ပြိုင်ပွဲတွင် လက်ရွေးစင်များနှင့် ပြည်နယ်နှင့် တိုင်းအဆင့် အားကစားသမားများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

(ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းအဆင့် မဟုတ်သူများ၊ အသက်(၄၅)နှစ်အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် တစ်ဦးသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည့်အပြင် အသက်(၅၀)နှစ်အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

စီစဉ်ဆောင်ရွက်

ယင်းပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် နယ်မှ လာရောက်မည့် ကလပ်အသင်းများနှင့် လူငယ်သက်တန်းအလိုက် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ် အားကစားသမားများကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က တည်းခိုရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ် အားကစားသမားများသည် မတ် ၁၈ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း–၃၇၂၃၆၀ နှင့် ၃၈၁၉၉၁တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းရမည်ဖြစ်ပြီး မတ် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ပွဲစဉ်များရေးဆွဲမည့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ရုံးခန်းသို့ အသင်းတစ်သင်းမှ တာဝန်ရှိသူတစ်ဦး တက်ရောက်ရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား ရပ်ကွက်(၁) အမှတ် ၇၀(န)နေ ဗိုလ်မှူးချုပ်သန်းညွန့်(ငြိမ်း)–ဒေါ်လှကြည် မိသားစုတို့က ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဘော်လီဘော သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၅

ဘော်လီဘောမိသားစု လူမှုရေးအသင်းမှကြီးမှူး၍ ၂၀၀၆ခုနှစ်တတိယအကြိမ်မြောက် သက်ကြီး ပူဇော်ကန်တော့ပွဲကို ဧပြီ ၁ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အားကာသိပ္ပံ(ကျိုက္ကဆံ) သင်တန်းခန်းမ၌ ကျင်းပမည်။ ပူဇော်ကန်တော့ပွဲအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် မတ် ၂၅ ရက် နောက်ဆုံးထား၍ အလှူငွေနှင့် ပစ္စည်းများကို ဦးမြင့်သိန်း ဖုန်း–၀၉၅၀ ၁၃၆၃၃၊ ဦးတိုးမောင် ဖုန်း–၂၄၀၄၅၀၊ ဘော်လီဘောအဖွဲ့ချုပ် အောင်ဆန်းကွင်းနှင့် ဦးထွန်းလင်း (မန္တလေး ဖုန်း–၀၂–၃၈၀၉၅) တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(မြန်မာအလင်း)**

ဝတ်စားဆင်ယင်မှုပြိုင်ပွဲ ယှဉ်ပြိုင်နိုင်

ရန်ကုန် မတ် ၅

မြန်မာ People မဂ္ဂဇင်းက ကြီးမှူး၍ ပထမအကြိမ် People Style Competition 2006ပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ဖက်ရှင်နှင့်အဝတ်အစား ဒီဇိုင်း ပညာရှင်များက ပြိုင်ပွဲကို Stylist နှင့် Model အဖွဲ့လိုက်ဖြစ်စေ၊ Stylist ကိုယ်တိုင် Model အနေဖြင့်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ဆုချီးမြှင့်မည်

ပြိုင်ပွဲတွင် အသက် ၁၅ နှစ်မှ ၂၅ နှစ်တွင်းရှိ အမျိုးသမီးများအတွက် Miss Style (Stylist+Model) အတွက် ဆုငွေကျပ်ငါးသိန်း၊ Miss People (Model) အတွက် ဆုငွေကျပ်နှစ်သိန်း၊ Miss Charming (Model) အတွက် ဆုငွေကျပ်နှစ်သိန်း၊ အမျိုးသား၊ အမျိုးသမီး Best Stylist အတွက် ဆုငွေကျပ်နှစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။

မည်သူမဆိုအခမဲ့ကြည့်ရှုနိုင်

ပြိုင်ပွဲကို မတ် ၁၈ ရက်**(စနေနေ့)** ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ ကြိုတင်လက်မှတ်ရယူ ကြည့်ရှုနိုင်ကြောင်းနှင့် ပြိုင်ပွဲဝင်လျှောက်လွှာများကို Inforithm-Maze Co., Ltd. E-11 တက္ကသိုလ်ရိပ်မွန်အိမ်ရာ တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ဖုန်း–၅၅၉၀၆၈၊ ၅၅၉၀၆၉၊ ၅၄၆၇၄၃ တို့တွင် ရယူပြီး မတ် ၇ ရက်နောက်ဆုံးထား၍ လျှောက်လွှာပြန်လည် ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြို့နယ်သတင်းပဒေသာ

အထူးကုဆရာဝန်ကြီးများ ကန့်ဘလူ၌ အခမဲ့မျက်စိစမ်းသပ်ပေး

ကန့်ဘလူ ဖေဖော်ဝါရီ ၂၅

မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း လည်ချောင်းရောဂါအထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ပါမောက္ခဌာနမှူး ဒေါက်တာဇော်မင်းအောင်၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာခင်ဘုန်းဟန်၊ ကထိက မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာယဉ်ယဉ်မြတ်နှင့် အဖွဲ့သည် ကန့်ဘလူမြို့နယ် ဆရာဝန်ကြီး ဒေါက်တာဌေးကြွယ်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်မင်းထွန်းနှင့် အသင်းဝင်များ ပံ့ပိုးကူညီမှုဖြင့် ကန့်ဘလူမြို့ မဟာရွှေစည်ကြီး စေတီတော်ဘုရားပွဲတော်တွင် ရဟန်းရှင်လူ ပြည်သူများအား ဖေဖော်ဝါရီ၉ ရက်မှ ၁၂ ရက်အထိ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်စစ်ဆေး ကုသပေးကြသည်။

အထူးကုဆရာဝန်ကြီးများက ဖေဖော်ဝါရီ၉ ရက်မှ ၁၂ ရက်အထိ မျက်စိဝေဒနာရှင် ၉၀၀ ကျော်တို့အား စမ်းသပ်စစ်ဆေး ကုသပေးပြီး အကြီးစားခွဲစိတ်ကုသမှု ၆၉ ဦးနှင့် အသေးစားခွဲစိတ်ကုသမှု ၁၃၁ ဦး တို့အား ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ (၀၅၆)

မဟာရွှေမြင်တင်ဘုရားပွဲ ဘောလုံးပြိုင်ပွဲ ဗိုလ်လု

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၂

၂၀၀၆ ခုနှစ် မဟာရွှေမြင်တင်ဘုရားပွဲတော် ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲကို ဖေဖော်ဝါရီ၁၃ ရက်က ရွှေမြင်တင်ဘုရား ဘောလုံးကွင်း၌ကျင်းပသည်။ ဗိုလ်လုပွဲတွင် ရောင်နီဦးအသင်းနှင့် ဂျီအီး အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရောင်နီဦးအသင်းက ငါးဂိုး–လေးဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ **(၂၈၀)**

စပါးခွံသုံး ဓာတ်ငွေ့အင်ဂျင်ဖြင့် ကောလင်းကျေးရွာမီးလင်း

ကောလင်း ဖေဖော်ဝါရီ ၂၂

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးရွာကောင်စီတို့ပူးပေါင်း၍ ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ၁၀ ရက်မှစတင်၍ စက်မှုလက်မှုပညာရှင် ဦးဝတင်၊ ဦးမြင့်၊ ဦးအောင်ဝင်းတို့နှင့် ပူးပေါင်းညှိနှိုင်း၍ စပါးခွံသုံး ဓာတ်ငွေ့အင်ဂျင်ကို စမ်းသပ်တီထွင်ထုတ်လုပ်ခဲ့သည်။

ထို့နောက် ၂၀၀၄ ခုနှစ် ဩဂုတ် ၅ ရက်မှစတင်၍ ယနေ့တိုင်အောင် သံဒရာကျေးရွာနှင့် ယားတောင်ကျေးရွာများရှိ အိမ်ခြေ ၁၅၀ ကို နေ့စဉ် ညနေ ၆ နာရီမှ ည ၁၁ နာရီအထိ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးလျက်ရှိသည်။ (၀၂၆)

စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

သီဟသူလမ်းမှ ဆေးဆိုးပန်းရိုက်အလုပ်ရုံများကြောင့် ပတ်ဝန်းကျင်စိတ်အနှောင့်အယှက်ဖြစ်ရ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ၁၁ ရပ်ကွက် သီဟသူလမ်းမကြီး အတွင်းရှိ ဆေးဆိုးပန်းရိုက်ရုံများမှ ဆေးနံ့နှင့် အညှော်နံ့များကြောင့် ရပ်ကွက်ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သား

စက်ရုံမှ အနံ့ဆိုး ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား–

ကျွန်တော်တို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် စက်မှု ရတနာလမ်းမကြီးရှိ စက်မှုလက်မှု(၄)လမ်းတွင် ခေါက်ဆွဲစက်၊ ဒန်ရည်ကျိုစက်၊ မဆလာစက်များရှိပါသည်။

အဆိုပါ စက်ရုံများမှ စွန့်ပစ်ရေပုပ်ရေသိုးနှင့် အခြားအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရပ်ကွက်အတွင်းရှိ ပြည်သူများမှာ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးချို့တဲ့သူ

အရက်ပုန်းဆိုင် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား–

ကျွန်တော်တို့နေထိုင်သော သာကေတမြို့နယ် (၂)မြောက်ရပ်ကွက်တွင် အရက်ပုန်းဆိုင်များ ရှိပါသည်။ အဆိုပါဆိုင်များမှ စားသောက်မူးယစ်လာသူများသည် လမ်းသွားလမ်းလာများ၊အမျိုးသမီးများအား ကြမ်းတမ်းစွာ ပြောဆိုနှောင့်ယှက်လျက်ရှိပါသည်။ သို့ပါ၍ ယင်း အရက်ပုန်းဆိုင်များအား သက်ဆိုင်ရာမှ အရေးယူဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

တာဝန်သိပြည်သူ

စည်းကမ်းမဲ့ဆိုက်ကားနှင့် ဈေးသည်များကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေ

စာတည်းရှင့်–

သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက် စံပြ ၂၊၃၊၄၊၅၊၆ လမ်းထိပ်များတွင် ဆိုက်ကားများ စည်းကမ်းမဲ့ ရပ်ထားသည့်အပြင် လမ်းထိပ်ရှိ ဈေးဆိုင်များသည်လည်း လူသွားလမ်း ပလက်ဖောင်းပေါ်နှင့် လမ်းထိပ်များတွင် အမိုးများမိုးကာ ပိတ်ဆို့ ရောင်းချလျက်ရှိပါသည်။ ထိုစည်းကမ်းမဲ့ ဈေးသည်များနှင့် ဆိုက်ကားများကြောင့် လမ်းပိတ်ဆို့ပြီး လမ်းသွားလမ်းလာများ စိတ်အနှောင့်အယှက်ဖြစ်ကာ ယာဉ်တိုက်မှုလည်း မကြာခဏ ဖြစ်ပေါ်နေပါသည်။ သို့ပါ၍ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာမှ စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ယာဉ်အန္တရာယ်ကင်းရှင်းစေလိုသူ

လမ်းကျဉ်းမှကားဝပ်ရှော့ ပြောင်းရွှေ့ပေးစေချင်

စာတည်းခင်ဗျား–

တောင်ဥက္ကလာပမြို့နယ် ၁၄/၁ ရပ်ကွက် ၈ လမ်းတွင် ကားဝပ်ရှော့ရှိပါသည်။ အဆိုပါ ကားဝပ်ရှော့မှကားများကို လမ်းဘေးဝဲယာ နှစ်ဖက် ပိတ်ဆို့ပြီး ပြုပြင်နေပါသည်။ လမ်းမှာ ကျဉ်းသည့်အတွက် ရပ်ထားသည့် ကားနှင့် တခြားဘက်မှလာသော ကားများ ရှောင်တိမ်းရ ခက်ခဲသည့်အတွက် အလွန်အန္တရာယ်ရှိနေပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြလိုက်ရပါသည်။

စိုးရိမ်သူ

ကျန်းမာရေးထိခိုက်နိုင်၍ စည်းကမ်းတကျဖြစ်စေလို

စာတည်းခင်ဗျား–

သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေး ရပ်ကွက်(တောင်ပိုင်း) အောင်သပြေ လမ်းရှိ ပုံနှိပ်လုပ်ငန်းရှင်တစ်ဦးသည် ရံဖန်ရံခါ မီးစက်ကို တစ်နေကုန်ဖွင့်၍ လုပ်ငန်းများလုပ်ကိုင်လျက်ရှိပါသည်။ အဆိုပါ လုပ်ငန်းမှ စက္ကူများသည် မီးလောင် လွယ်သည့်အပြင် စက္ကူများမှ ထွက်ရှိသော အမှုန်များသည် ပတ်ဝန်းကျင်သို့ ပျံ့လွင့်လျက်ရှိပါသဖြင့် ကျန်းမာရေး ထိခိုက်ရပါသည်။ သို့ပါ၍ အဆိုပါ လုပ်ငန်းအား စည်းကမ်းတကျဖြစ်စေရေး သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

စည်းကမ်းရှိစေချင်သူ

မုန့်ဟင်းခါးဖိုမှ ရေဆိုးများရှင်းလင်းဆောင်ရွက်ပြီး

၂၁–၁၁–၂၀၀၅ ရက်နေ့ မြန်မာ့အလင်းသတင်းစာပါ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် စက်မှု(၂)လမ်းရှိ **"မုန့်ဟင်းခါးဖိုမှ ရေဆိုးကြောင့် ကျန်းမာရေးထိခိုက်"** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပရီမီယာရှစ်ဘောလုံးပွဲများ ယှဉ်ပြိုင်ကစား အာဆင်နယ်အသင်း အပြုံးမပျက်နိုင်ပွဲဆက်

စုစည်းတင်ဆက်သူ
သတင်းထောက်-မြင့်စိုး

လန်ဒန် မတ် ၅

အင်္ဂလိပ်ပရီမီယာရှစ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၈)ပြိုင်ပွဲများကို မတ် ၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အာဆင်နယ်၊ ချယ်လ်ဆီး၊ နယူးကာဆယ်၊ အက်စ်တွန်ဗီလာနှင့် မစ်ဒယ်ဘရော့အသင်းများ အသီးသီး အနိုင်ရရှိခဲ့၍ ယင်းတို့၏ စုစုပေါင်းရမှတ်များတွင် သုံးမှတ်စီ ပေါင်းထည့်နိုင်ခဲ့ကြသည်။

သို့ရာတွင် လီဗာပူးနှင့် ချာလ်တန်၊ ဝက်စ်ဟမ်းနှင့် အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် သရေပွဲဖြစ်ခဲ့သဖြင့် တစ်မှတ်စီသာ ယင်းတို့၏ စုစုပေါင်း ရမှတ်တွင် ပေါင်းထည့်နိုင်ခဲ့ကြသည်။

လက်ခံကစားမည်

ထူးခြားသည့် ပွဲကြီးပွဲကောင်းတစ်ရပ်မှာ အာဆင်နယ်နှင့်ဖူလ်ဟမ်တို့ ယှဉ်ပြိုင်ကစားသည့်ပွဲဖြစ်သည်။ အာဆင်နယ်ကအဝေးကွင်းတွင် ဖူလ်ဟမ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် စံချိန်တင် ဂိုးသွင်းပြီး အနိုင်ရလိုက်သည်။ အာဆင်နယ်က ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် ရီးရဲမက်ဒရစ်အသင်းကို အိမ်ကွင်း၌ ကစားရန် အကောင်းဆုံးပြင်ဆင်မှုတစ်ရပ်ကိုပြသလိုက်ခြင်းပင်ဖြစ်သည်။ မတ် ၈ ရက်တွင် အာဆင်နယ်က ရီးရဲမက်ဒရစ်အသင်းကို ချန်ပီယံလိဂ် ရှုံးထွက်ပြိုင်ပွဲအဖြစ် အိမ်ကွင်း၌ လက်ခံကစားမည်ဖြစ်သည်။

အာဆင်နယ်တိုက်စစ်မှူး အွန်နရီ ဂိုးမသွင်းမီ အာဆင်နယ်တို့ ဂိုးသွင်းခွင့်များဆုံးရှုံးခဲ့သည်။ အွန်နရီက ပွဲချိန် ၃၁ မိနစ်တွင် အာဆင်နယ်အတွက် ဖွင့်ဆော်ဦး ဂိုးကို စသွင်းပေးလိုက်သည်။ ယင်းနောက် လေးမိနစ်အကြာ အဒီဘေယာက အာဆင်နယ်အတွက် ဒုတိယမြောက်ဂိုး သွင်းယူခဲ့ပြန်သည်။ ယင်းနောက် တတိယမြောက်ဂိုးကို အွန်နရီကပင် ဒုတိယပိုင်း၌ သွင်းယူခဲ့သည်။ ယင်းနောက် ပွဲပြီးရန် လေးမိနစ်အလိုတွင် ဖလာမင်နီ ဖြတ်ပို့လိုက်သော ဘောလုံးကို ဖာဘရီဂတ်စ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဖူလ်ဟမ်အသင်းသည် အာဆင်နယ်တိုက်စစ်မှူးများ၏ အကြိမ်ကြိမ် ထိုးဖောက်မှုကို ဟန့်တားနိုင်မှု အားနည်းခြင်းကြောင့် ယခုကဲ့သို့ ဂိုးပြတ်ဖြင့် အာဆင်နယ်အသင်းကိုရှုံးနိမ့်ခဲ့ရသည်။

အမှားအယွင်းမရှိ

အာဆင်နယ်ကစားသမား ဗက်ဆီရီကီဒီယာဘိုင်သည် အာဆင်နယ်ကွင်းလယ်ကစားသမားအဖြစ် ထင်ရှားကျော်ကြားလာသည်။ ၎င်းက ပွဲချိန်မိနစ် ၃၀တွင် အွန်နရီထံသို့ ဘောလုံးကို အကွက်ဆင် ထိုးပေးလိုက်ရာ အွန်နရီက အမှားအယွင်းမရှိ ဂိုးသွင်းယူလိုက်သည်။

အနိုင်ဂိုး

ယင်းနောက် လေးမိနစ်အကြာ ယွန်းဘတ်က အဒီဘေယာထံ ထိုးပေးလိုက်ရာ ဖူလ်ဟမ်ဂိုးသမားဟန်ချက်ပျက်သွားစဉ် ဒုတိယမြောက် အနိုင်ဂိုးကို သွင်းယူလိုက်သည်။

ဒုတိယပိုင်းတွင်အိမ်ရှင်ဖူလ်ဟမ်တို့ ကစားကွက်များနှေးနေသဖြင့် အာဆင်နယ်က ဂိုးသွင်းခွင့်များ ဖန်တီးလာသည်။ ပွဲချိန် ၇၇ မိနစ်တွင် ယွန်းဘတ်က အွန်နရီထံဖြတ်ပို့လိုက်ရာ အွန်နရီက ဘောလုံးကိုထိန်းပြီး ဂိုးသမားဝါနာ၏ထောင့်ထဲသို့ အပိုင်ကန်သွင်းယူလိုက်၍ တတိယမြောက်ဂိုး ရရှိခဲ့သည်။ အာဆင်နယ် အသင်းသားများသည် ဂိုးပြတ်သွင်းထားပြီဖြစ်၍ ပျော်ရွှင်ကြည်နူးမှုအပြုံးများက ယင်းတို့၏ မျက်နှာတွင် ရောင်ပြန်ဟပ်နေသည်။ အာဆင်နယ် အသင်းသားများသည် ပွဲပြီးရန် လေးမိနစ်အလို၌ ဖလာမင်နီ ခုတ်တင်ပေးလိုက်သော ဘောလုံးကို ဖာဘရီဂတ်စ်က အာဆင်နယ်အတွက် ထပ်ဆောင်းဂိုးသွင်းနိုင်ပြန်သဖြင့် ပွဲအပြီး အာဆင်နယ်က ဖူလ်ဟမ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပွဲအပြီးအာဆင်ဝင်းဂါးပြောကြား

မိမိတို့၏အသင်းသည် ပြန်လည်တိုးတက်မှုရရှိကာ ယုံကြည်မှုများပြန်လည်ရှိလာပြီဖြစ်ကြောင်း၊ မကြာသေးမီက စိတ်ဓာတ်ကြွခိုင်မှု ပြိုင်ပွဲတစ်ရပ်ကိုအနိုင်ကစားနိုင်ခဲ့၍ အင်အားများရှိလာပြီဖြစ်ကြောင်း၊ တစ်သင်းလုံးတွင် အကောင်းဆုံး ကစားနိုင်ခဲ့သည့် အွန်နရီကို ချီးကျူးကြောင်းပြောကြားသည်။

ခြေစွမ်းပြကစား

ထိုနေ့က ချယ်လ်ဆီးအသင်းသည် ဝက်စ်ဘရွန်းကွင်းသို့ သွားရောက်ကစားရာ ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။ ချယ်လ်ဆီး အသင်းသားများသည် နည်းပြမော်ရင်ဟို ချယ်လ်ဆီးအသင်းကို ကိုင်တွယ်သည့် ပွဲပေါင်း ၁၀၀ မြောက် အထိမ်းအမှတ်အဖြစ် ဝက်စ်ဘရွန်းအသင်းကို နိုင်ကာ ယင်းတို့၏ ပရီမီယာရှစ် အနာဂတ်ဦးဆောင်မှုကို ခိုင်မာအောင် ခြေစွမ်းပြကစားခဲ့သည်။

တိုက်စစ်ဖွင့်

ချယ်လ်ဆီးအသင်းသည် မိနစ် ၅၀လုံးလုံး တိုက်စစ်ဖွင့် ကစားသော်လည်း ဝက်စ်ဘရွန်း၏ နောက်တန်းကို မကျော်လွှားနိုင်ခဲ့ပေ။ ပွဲချိန် ၅၁မိနစ်တွင် ဒရော့ဘာ၏ ဂိုးကြောင့် ချယ်လ်ဆီးတို့ ဦးဆောင်မှုရရှိသွားသည်။ ပထမပိုင်းတွင် ချယ်လ်ဆီးတို့သည် ဝက်စ်ဘရွန်းအသင်း၏တိုက်စစ်ကို ခံနေရသည်။

နှစ်သိမ့်ဂိုး

ပွဲချိန် ၆၂မိနစ်တွင် ချယ်လ်ဆီးမှ အာဂျန်ရော့ဘင်က ဂျိုနသန်ဂရင်းနင်းအား လူချကစားခဲ့သဖြင့် ကွင်းလယ်ဒိုင်လူကြီးက အနီကတ်ပြပြီး ပြိုင်ပွဲမှ ထုတ်ပယ်လိုက်သည်။ သို့ရာတွင် ဂျိုးကိုလ်က ချယ်လ်ဆီးအသင်းအတွက် ဒုတိယမြောက်ဂိုးကို အနီးကပ်သွင်းယူပေးလိုက်သည်။ သို့ရာတွင် ဝက်စ်ဘရွန်းအသင်းအတွက် နှစ်သိမ့်ဂိုးကို ကနူးက ပွဲပြီးရန် နှစ်မိနစ်အလို၌ သွင်းယူခဲ့သည်။

တစ်ဖန် လီဗာပူးအသင်းနှင့် ချာလ်တန်အသင်းတို့သည် အင်န်ဖီးလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်နှင့်တစ်ဖက်ဂိုးမသွင်းနိုင်ဘဲ ပွဲပြီးသွားခဲ့သည်။ အနီရောင်လီဗာပူးတို့ ဖိကစားနိုင်သော်လည်း အဆုံးသတ်ဂိုးသွင်းမှု အားနည်း၍ ဂိုးမရဘဲဖြစ်ခဲ့ရသည်။

အခွင့်အရေးများဆုံးရှုံး

ချာလ်တန်ဂိုးသမား သောမတ်စ်မိုင့်ရီသည် လီဗာပူး ကစားသမား ဆစ်ဆေး ဂိုးသွင်းရန် ကြိုးစားစဉ် ဘောလုံးကို ကျွမ်းပစ် ကာကွယ်လိုက်သည်။ လီဗာပူးအသင်းအတွက် ရော့ဘီဖောင်လာက အနိုင်ဂိုးသွင်းပေးသော်လည်း ဆစ်ဆေး ပေးပို့သည့် ဘောမျဉ်းကျော်ဂိုးကြောင့် ဂိုးမပေးခဲ့ပေ။ လီဗာပူးက ဂိုးရရှိရေးအတွက် အကြိတ်အနယ် ကစားလာသည်။ သို့သော်လည်း ဂိုးသွင်းမပိုင်၍ အခွင့်အရေးများ ဆုံးရှုံးခဲ့ရသည်။

ယှဉ်ပြိုင်

ထိုနေ့က အခြားပွဲများ ယှဉ်ပြိုင်ကစားရာ နယူးကာဆယ်က ဘော်လ်တန်ကို သုံးဂိုး-တစ်ဂိုး၊ အက်စ်တွန်ဗီလာက ပို့စ်မောက် အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မစ်ဒယ်ဘရော့က ဘာမင်ဂမ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ **(အင်တာနက်)**

အာဆင်နယ်အသင်းမှ အဒီဘေယာ၊ အွန်နရီနှင့် ယွန်းဘတ်တို့ အနိုင်ဂိုးများသွင်းပြီး ပျော်မြူးနေကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အကြိတ်အနယ်ယှဉ်ပြိုင်

အာဆင်နယ်နှင့် ဖူလ်ဟမ်အသင်းတို့ ဤသို့အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့တစ်လွှား အားကစား

ကမ္ဘာ့နံပါတ်(၁)ကို အနိုင်ကစားပြီး ရာဖေးလ်နာဒယ် ဒူဘိုင်းဖလားရယူ

ဒူဘိုင်း မတ် ၅

ဒူဘိုင်းအိုးပင်းအမျိုးသားတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့၌ ကျင်းပခဲ့သည်။

ယင်းပြိုင်ပွဲတွင် ဆွစ်ဇာလန်မှ ကမ္ဘာ့နံပါတ်(၁) ရော်ဂျာဖက်ဒဲရာနှင့် စပိန်မှ ကမ္ဘာ့နံပါတ်(၂)အဆင့်ရှိသူ ရာဖေးလ်နာဒယ်တို့ ယှဉ်ပြိုင်ခဲ့ကြသည်။

ကမ္ဘာ့နံပါတ်(၂)ရာဖေးလ်နာဒယ်က ၂၀၀၅ ပြင်သစ်အိုးပင်းအကြိုဗိုလ်လုပွဲတွင် ထိုးနှက်အနိုင်ယူခဲ့သည့် ဖက်ဒဲရာအား ထပ်မံ၍အနိုင်ယူကာ ဒူဘိုင်းအိုးပင်းဖလားကို ဆွတ်ခူးသွားသည်။

ဖက်ဒဲရာသည် ယခုပြိုင်ပွဲ မတိုင်မီက ၂၀၀၆ခုနှစ်တွင် ရှုံးပွဲမရှိ နိုင်ပွဲဆက်ခဲ့သူ ဖြစ်သည်။ ၎င်းသည် ပထမပွဲစဉ်တွင် ရာဖေးလ်နာဒယ်အား အနိုင်ရခဲ့သည်။ သို့ရာတွင် အသက် ၁၉နှစ် အရွယ်ရှိ ရာဖေးလ်နာဒယ်က ကမ္ဘာ့နံပါတ်(၁)ကို ပြန်လည် ထိုးနှက်ကစားခဲ့ရာ သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပြိုင်ပွဲကို နှစ်နာရီနီးပါး ကြာအောင် ကစားခဲ့ပြီး ရာဖေးလ်နာဒယ်က သူ၏တင်းနစ်ကစားသမားတစ်လျှောက် ၁၃လုံးမြောက်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။



ဒူဘိုင်းအိုးပင်းတင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲတွင် ဗိုလ်စွဲသွားသော ရာဖေးလ်နာဒယ်အား ဆုဖလားနှင့်အတူတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အဆိုပါ စပိန် တင်းနစ်အားကစားသမားသည် ခြေထောက်ဒဏ်ရာကြောင့် ကာလရှည်ကြာ အနားယူခဲ့ရာမှ ပြန်ကစားခဲ့ရာ ငါးပွဲသာ ယှဉ်ပြိုင်ပြီးနောက် ယခု ဒူဘိုင်းဖလားကို ဆွတ်ခူးနိုင်ခြင်းဖြစ်သည်။

ရော်ဂျာဖက်ဒဲရာ၏ ၅၆ပွဲရှုံးပွဲမရှိစံချိန်ကို ရာဖေးလ်နာဒယ်က ရပ်တန့်ပေးလိုက်သည်။ နာဒယ်နှင့် ဖက်ဒဲရာတို့ လေးကြိမ်တွေ့ခဲ့ရာတွင် နာဒယ်က သုံးပွဲအနိုင်ရခဲ့သည်။

ပြိုင်ပွဲအပြီး ရာဖေးလ်နာဒယ်က ပြောကြားရာတွင် ရော်ဂျာဖက်ဒဲရာကို အနိုင်ရလိုက်သဖြင့် အလွန် စိတ်လှုပ်ရှားမိကြောင်း၊ အလွန်ပျော်ရွှင်ကြောင်း၊ လွန်ခဲ့သောသုံးလက ဒဏ်ရာကြောင့် အနားယူနေရာမှ အဓိကဖလား၊ အဓိကပြိုင်ဘက်ကိုအနိုင်ရခဲ့၍ မယုံကြည်နိုင်လောက်အောင်ဖြစ်ရကြောင်း၊ အကောင်းဆုံး ကစားသမားအဖြစ် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာ့ဖလား စကိတ်စီးပြိုင်ပွဲ ဂျာမနီနိုင်ငံသူ အနိုင်ရဗိုလ်စွဲ

နယ်သာလန် မတ် ၅

ကမ္ဘာ့ဖလား အမြန်စကိတ်စီးပြိုင်ပွဲတစ်ရပ်ကို နယ်သာလန်နိုင်ငံ မြောက်ပိုင်း ဟီရမ်ဘီးန်၌ မတ် ၄ရက်က ယှဉ်ပြိုင်ကစားခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဂျာမနီနိုင်ငံမှ အင်န်နီဖရိုင်စင်ဂျာသည် အမျိုးသမီးမီတာ ၁၀၀၀ စကိတ်စီးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည်။ **(အောက်ပုံ)**

ယင်းပြိုင်ပွဲ၌ ဒုတိယဆုကို အီတလီနိုင်ငံမှ ချီယာရာ ဆီမီယိုနာတိုက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အမျိုးသားမီတာ ၁၀၀၀ စကိတ်စီးပြိုင်ပွဲတွင် အမေရိကန်မှ ရှန်နီဒေးဗစ်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ **အင်တာနက်**

ဖေဖော်ဝါရီ ၁၈ ရက်က ဦးမောင်စိန်-ဒေါ်ခင်ညို မိဘနှစ်ပါးအမှူးထား၍ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ် ၄၀၊ အခန်း ၃/၄၊ ၄၃ လမ်းနေ သား ဦးဇော်ဇော်နှင့် ညီအစ်ကို မောင်နှမများက တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ် ဘိုးဘွားရိပ်သာ အဘိုးအဘွားများအတွက် အာဟာရနှင့် ဆေးပဒေသာပင်ကျပ်ငွေတစ်သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းဖေက လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (၃၈၀)

မြန်မာ့အသံ

၇-၃-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ကျိုင်းတုံမြို့နယ် မြန်မာ့နှစ်ရှည်ပင် ရော်ဘာစိုက်ပျိုးရေး လုပ်ငန်းအကြောင်း)
၁၁း၃၀ မြန်မာ့မူဟန်ဓာတ်မာန် ဟောပြောချက် (မြန်မာနှင့် ပုံတောင်-ဒေါက်တာသက်လွင်)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ရန်ကိုရန်ချင်း မတုံ့နှင်းနှင့်) (မောင်သိန်းလှိုင်)
၁၂း၂၀ ဓာတ်လမ်းပမာနားဆင်စရာ (ပေးဆပ်သူတို့၏ စိတ်ဓာတ်များ)
၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (နဝရတ်ကိုးပါး ဂုဏ်စွမ်းအား) (အောင်ဇေယျာမင်း)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဘီအီးဒီ-အင်္ဂလိပ်စာတတ်ကျွမ်းမှု)

ညနေပိုင်း

၁၆း၁၅ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာအစီအစဉ် (ဓာတုဗေဒ)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၀ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဆုရတေးများ
၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ကိုယ်လက်လှုပ်ရှားခြင်းဖြင့် အသက်ရှင်ပါ)
၁၈း၂၅ ကျေးလက်ဓာတ်လမ်း (နွေရောက်ပြီ)
၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (ငှက်ဖျားရောဂါ)
၂၀း၃၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ (အတတ်ပညာ)

ကျန်းမာရေးဌာနခွဲဆေးပေးခန်း မိုးကောင်းမြို့နယ်၌ ဖွင့်လှစ်

မိုးကောင်း ဖေဖော်ဝါရီ ၁၀

မိုးကောင်းမြို့နယ် လမ်းခွကျေးရွာ ညောင်ပင်ရပ် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်း အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက အဆိုပါ ဆေးပေးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ငွေကျပ် ၃၅၇၇၂၈၀ တန်ဖိုးရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်း အဆောက်အအုံကို ကျေးရွာဥက္ကဋ္ဌက မြို့နယ်ဆရာဝန် ဒေါက်တာစိန်လင်းထံ လွှဲပြောင်းပေးအပ်လိုက်ပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းအတွက် လှူဒါန်းသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်း အဆောက်အအုံသစ်ကို မြို့နယ် ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူး ဇော်ဝင်း၊ မြို့နယ်ဆရာဝန် ဒေါက်တာစိန်လင်းနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အဆောက်အအုံသစ်ကို လှည့်လည် ကြည့်ရှုကြသည်။

(မြို့နယ် ပြန်/ဆက်)

မြစ်ကြီးနားမြို့၌ ကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၀

ကချင်ပြည်နယ် ကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၆)ကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၂နာရီခွဲက မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့က အဖွင့်အမှာစကား ပြောကြားပြီး ဒေါက်တာမျိုးဝင်းက ကြက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ပိုလီယိုအကြောသေရောဂါပပျောက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

(ခရိုင် ပြန်/ဆက်)

မိုင်းဖြတ်ခရိုင် စာကြည့်တိုက် ဖွင့်လှစ်နိုင်ခြင်းအခမ်းအနားကျင်းပ ရုပ်မြင်သံကြားပြစက်နှင့် ရေဒီယိုများ ပေးအပ်လှူဒါန်း

မိုင်းဖြတ် ဖေဖော်ဝါရီ ၂၈

မိုင်းဖြတ်ခရိုင်လုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခြင်း အထိမ်းအမှတ်အောင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၁နာရီက ဟိုနားစံပြကျေးရွာ နေခြည်ဦးစာကြည့်တိုက်ရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးစိုးနှင့် ခရိုင်ဦးစီးအရာရှိဦးစိုင်းဆမ်တစ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ထို့နောက် ဟိုနား၊ ဆိုင်းလေ၊ ဆွပ်ပလောင်းနှင့် တာကျောက်ကျေးရွာများနေ အလှူရှင်များက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားပြစက်ခြောက်လုံးနှင့် ရေဒီယို၁၁လုံးတို့ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဦးစီးမှူးနှင့် ခရိုင်ဦးစီး အရာရှိတို့က လက်ခံရယူကြသည်။

ထို့နောက် ခင်းကျင်းပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်း၊ စာအုပ်နှင့်မဂ္ဂဇင်းများကို ဖတ်ရှုလေ့လာကြည့်ရှုကြသည်။

အဆိုပါ မိုင်းဖြတ်မြို့နယ်တွင် စာကြည့်တိုက်ပေါင်း ၁၃၇တိုက်၊ မိုင်းယောင်းမြို့နယ်တွင် ၁၀၂တိုက်နှင့် မိုင်းယုမြို့တွင် ၁၆တိုက် စုစုပေါင်းစာကြည့် တိုက်၂၅၅တိုက်ဖြစ်၍ ခရိုင်လုံးကျွတ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး နတ်တလင်းမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

နတ်တလင်း ဖေဖော်ဝါရီ ၂၁

ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးနှင့် သာယာဝတီခရိုင် ဦးစီးအရာရှိ ဦးမောင်မောင်အေးတို့သည် ဖေဖော်ဝါရီ ၁၄ ရက်က သာယာဝတီခရိုင်အတွင်းရှိ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်နှင့် ဇီးကုန်းမြို့နယ်များရှိ ဖွင့်လှစ်ပြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးကို ကွင်းဆင်းဆောင်ရွက်ကြသည်။

အလားတူပင် တိုင်းလက်ထောက်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ၁၉ ရက်က နတ်တလင်းမြို့နယ်သို့ရောက်ရှိပြီး ရွာမရပ်ကွက် မိုးဆန်းပန်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်နှင့် မြို့ခြံအုပ်စုကျောင်းကြီးကျေးရွာ ပညာဝေပုလ္လကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက် ကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများနှင့်တွေ့ဆုံ၍ ဖွင့်လှစ်ပြီးကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ပေးကြရေး ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော မြို့ရေပေးဝေရေးလုပ်ငန်းနှင့် ပိုက်လိုင်းများဆက်သွယ်မှု အခြေအနေကို ဖေဖော်ဝါရီ ၉ ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်ငွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဘိုကလေးမြို့၌ တိုင်းရင်းဖြစ် ရိုးရာဝတ်စုံပြိုင်

ဘိုကလေး ဖေဖော်ဝါရီ ၂၅

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်း အမှတ်အဖြစ် ဘိုကလေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ တိုင်းရင်းဖြစ် ရိုးရာဝတ်စုံပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ဘိုကလေးမြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အခြားလူမှုရေးအသင်းအဖွဲ့များ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းရင်းဖြစ် ရိုးရာဝတ်စုံပြိုင်ပွဲ၌ ပထမဆုရမြို့မ(၂)ရပ်ကွက်မှ မနွယ်နွယ်ထွန်း၊ ဒုတိယဆုရ မြို့မ(၄)ရပ်ကွက်မှ မလဲ့လဲ့ထွေးနှင့် တတိယဆုရမြို့မ (၅)ရပ်ကွက်မှ မမေချိုသော်တို့အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးယုနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသန်းဇော်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးအောင်ကိုကိုတို့ ဖေဖော်ဝါရီ ၂၀ ရက်က တောင်ဘို့လှကျေးရွာအုပ်စု အုတ်တွင်းကုန်း ကျေးရွာရှိ ဦးသန်းဇော်၏ ကျေးလက်အိမ်ရာ တည်ဆောက်မှုလုပ်ငန်းခွင်သို့ ကွင်းဆင်း၍ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၀၆၄)

ရခိုင်ကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေးလုပ်ကွက် အမှတ် A-3 အစမ်းတွင်းအမှတ် မြ(၁) သဘာဝဓာတ်ငွေ့ မီးရှို့စမ်းသပ်မှု ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ သွားရောက်ကြည့်ရှုစစ်ဆေး ရှာဖွေရေးတွင်းများ တူးဖော်ခြင်းလုပ်ငန်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်

ရန်ကုန် မတ် ၅

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် စွမ်းအင်ဝန်ကြီးဌာနနှင့် Daewoo E&P Myanmar ကုမ္ပဏီတို့မှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရခိုင်ကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေး လုပ်ကွက်အမှတ် A-3 ၌ အစမ်းတွင်းအမှတ် မြ(၁)အား သဘာဝဓာတ်ငွေ့ မီးရှို့စမ်းသပ်ခြင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် တွင်းတူးဖော်ရေးစင် Nan Hai II ပေါ်သို့ သွားရောက်သည်။ ဝန်ကြီးအား တူးဖော်ရေးစင်ပေါ်ရှိ ရှင်းလင်းဆောင်၌ Daewoo E& P Myanmar ကုမ္ပဏီ Managing Director ဖြစ်သူ Dr. S. Y. Yeong က Nan Hai II တွင်းတူးစက်ဖြင့် အောင်မြင်စွာ တူးဖော်စမ်းသပ်ခဲ့သည့် မြအစမ်းတွင်း အမှတ်(၁)၏ သဘာဝဓာတ်ငွေ့တွေ့ရှိမှု အခြေအနေများ၊ လုပ်ကွက် A-1 ၌ တွေ့ရှိပြီးဖြစ်သည့် သဘာဝဓာတ်ငွေ့သိုက်များနှင့် ဆက်စပ်နိုင်းယှဉ်တွေ့ရှိရချက်များ၊ ယင်းသဘာဝဓာတ်ငွေ့သိုက်များမှ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရောင်းချသွားနိုင်ရေး ရှေ့ဆက်ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ လုပ်ကွက် A-3 ၌ ထပ်မံတွေ့ရှိနိုင်မည့် ပေနက်ပိုင်းအလားအလာများ၊ တွင်းတူးဖော်စမ်းသပ်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရခိုင်ကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေး လုပ်ကွက်အမှတ် A-3 တွင် သဘာဝဓာတ်ငွေ့မီးရှို့စမ်းသပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

အရှေ့ပိုင်းတက္ကသိုလ်(သန်လျင်)သို့ ရထားပြေးဆွဲနိုင်ရေးလုပ်ငန်း အမြန်ဆောင်ရွက်နေ လှော်ကားဘူတာမှ ကွန်ပျူတာတက္ကသိုလ်အထိ ကုန်းလမ်းပို့ဆောင်ရေးယာဉ်များ သယ်ပို့ရန်စီစဉ်

ရန်ကုန် မတ် ၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါလျက် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အုတ်ဖိုစုဘူတာမှ အရှေ့ပိုင်းတက္ကသိုလ်(သန်လျင်)သို့ ဆက်သွယ်ဖောက်လုပ်မည့် ရထားလမ်းအူကြောင်းနှင့် ဘူတာဆောက်လုပ်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးရန် ယနေ့နံနက် ၆နာရီ ၄၅ မိနစ်တွင် အုတ်ဖိုစုဘူတာသို့ ရောက်ရှိလာသည်။

စာမျက်နှာ ၉ ကော်လံ ၄ ✡

နိုင်ငံတကာအဆင့်သို့ ထိုးဖောက်တက်လှမ်းနေသည့် မြန်မာဓာတ်ပုံပညာရှင်တို့၏ ချင်းမိုင်ဓာတ်ပုံပြပွဲ

သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-စိန်မျိုးမြင့်

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံ ဓာတ်ပုံပညာရှင်များ နိုင်ငံတကာအဆင့်သို့ ထိုးဖောက်တက်လှမ်းလျက်ရှိရာ ယခုအခါ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ သုဝဏ္ဏဘူမိ အနုပညာခန်းမ၌ မြန်မာနိုင်ငံမှ ဓာတ်ပုံပညာရှင်နှစ်ဦးဖြစ်သည့် စိန်မျိုးမြင့်နှင့် ဆန်နီညိမ်းတို့က ဓာတ်ပုံပြပွဲတစ်ရပ်ကို ဖေဖော်ဝါရီ ၂၅ ရက်မှ စတင်ခင်းကျင်းပြသလျက်ရှိသည်။

ပါဝင်ပြသ

ရက်သတ္တ သုံးပတ်ကြာပြသမည့် အဆိုပါဓာတ်ပုံပြပွဲကို Myanmar Duo Photo Exhibition ဟု အမည်ပေးထားပြီး ဓာတ်ပုံပေါင်း ၆၅ ပုံပါဝင်ကာ အသေးဆုံးဓာတ်ပုံမှာ ၁၀လက်မ x ၁၄လက်မ အရွယ်မှ အကြီးဆုံး ၂၄ လက်မ x ၃၆ လက်မ အရွယ်အစား ဓာတ်ပုံများ ပါဝင်ပြသထားသည်။

ယခု ဓာတ်ပုံပြပွဲတွင် ပါဝင်ပြသသည့် ဓာတ်ပုံပညာရှင် စိန်မျိုးမြင့်မှာ ပြည်ပ၌ တတိယအကြိမ်မြောက် ဓာတ်ပုံပြပွဲတစ်ရပ်ဖြစ်ပြီး ပြည်တွင်း၌ ခြောက်ကြိမ်အထိ ဓာတ်ပုံပြပွဲ ပြုလုပ်ခဲ့သူတစ်ဦးဖြစ်သည်။ ဆန်နီညိမ်းမှာ ပထမဆုံးအကြိမ်အဖြစ် ဓာတ်ပုံများပါဝင်ပြသသူဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၄ ●

ကိုရီးယားပြပွဲမှ စိန်မျိုးမြင့်၏ မျှော်ချောင်ကူးတို့ဆိပ်(ကချင်ပြည်နယ်) ဓာတ်ပုံကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-စိန်မျိုးမြင့်)